ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ စနေနေ့။ Saturday, 24 June 2023 ၁၁၁၃၆


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

**မူးယစ်ရန်စွယ်အန္တရာယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်**




ဆောင်းပါး စာမျက်နှာ » ၆

**အအေးပေးနည်းပညာ စဉ်ဆက်မပြတ်တိုးတက်ဖို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့**




ဆောင်းပါး စာမျက်နှာ » ၁၁




မင်းသန်း-မောင်းလှော် မြစ်ကူးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

## မြိတ်မြို့နယ်မှ ကျွန်းစုမြို့နယ်သို့ ဆက်သွယ်သွားလာနိုင်မည့် မင်းသန်း-မောင်းလှော် မြစ်ကူးတံတားတည်ဆောက်နေမှု ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

မြိတ် ဇွန် ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ ကျွန်းစုမြို့နယ်သို့ ဆက်သွယ်သွားလာနိုင်မည့် မင်းသန်း-မောင်းလှော်မြစ်ကူးတံတား တည်ဆောက်နေမှုမှာ ယခုလက်ရှိတွင် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့ထံမှ သိရသည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ✻

## ပွင့်ဖြူမြို့နယ် မဲဇလီရေလှောင်ဆည်မှ မိုးစပါးသီးနှံဧက ခြောက်သောင်းကျော် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေများဖြန့်ဝေပေး



ပွင့်ဖြူ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ယခု ၂၀၂၃-၂၀၂၄ မိုးသီးနှံ စိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဇွန် ၁၅ ရက်မှ စတင်၍ မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"စိုက်ပျိုးရေ ဖြန့်ဝေပေးတဲ့စနစ်ကိုလည်း ဒေသခံတောင်သူတွေ စိုက်ပျိုးရေနဲ့ သီးနှံအောင်ရေအတွက် အဆင်ပြေစွာ ရယူသုံးစွဲနိုင်အောင် အဓိကရေဖြန့်ဝေပေးနေတဲ့ တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်း မြောင်းမကြီးတို့ကတစ်ဆင့် ရေလက်တံမြောင်းတွေကို ဖြန့်ဝေပေးတာဖြစ်ပါတယ်။ အခုနှစ် မိုးစပါးနဲ့ တခြားမိုးသီးနှံအတွက် ဆည်ရေဖြန့်ဝေ ပေးခြင်းကိုတော့ ဇွန် ၁၅ ရက်ကနေ နိုဝင်ဘာ ၁၅ ရက်အထိ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဆည်ရေဖြန့်ဝေပေးခြင်းနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းအတွက် အချိန်မီဆောင်ရွက်သွားနိုင်ဖို့နဲ့

စာမျက်နှာ ၇ ကော်လံ ၃ သို့ ✪

ကြေးမုံ

# ပကတိအမှန်တရားနားလည် ပူးပေါင်းအဖြေရှာ

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တို့တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာ့အရေးဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာခဲ့ကြသည်။

မြန်မာနိုင်ငံအရေး အလွတ်သဘောဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် မိတ်ဆွေနိုင်ငံများမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်လိုကြောင်း၊ မြန်မာ့မိတ်ဆွေနိုင်ငံများအနေဖြင့် မြန်မာပြည် ငြိမ်းချမ်းတည်ငြိမ်ရေး၊ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးကို ကူညီပံ့ပိုးရန် အသင့်ရှိကြကြောင်း၊ အာဆီယံအနုတ်ပုံစံ မဖြစ်စေလိုကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်လာနိုင်ရန် မျှော်လင့်ကြောင်း စသည်တို့ကို မိတ်ဆွေနိုင်ငံများပီသစွာ အပြုသဘောဆောင် အကောင်းမြင်စိတ်ထားဖြင့် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ အာဆီယံတူညီဆန္ဒ (၅) ချက်နှင့် ဆက်စပ်သုံးသပ်ကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ (၅)ချက်ကို အလေးထား၍ အကောင်အထည်ဖော်လျက်ရှိသည်။ တူညီဆန္ဒ(၅)ချက်တွင် အဓိကအချက်(၃)ချက်ဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများရပ်စဲရေး၊ သက်ဆိုင်သူများအားလုံးပါဝင်သည့် ဆွေးနွေးပွဲများစတင်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်ရေးတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံက ရှင်းလင်းစွာပြောကြားထားသည်။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အားလုံးပါဝင်ဆွေးနွေးရေးကိုလည်း လမ်းဖွင့်ကြိုဆိုပေးထားသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများရပ်စဲရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိပကတိဖြစ်စဉ်များအပေါ် ထဲထဲဝင်ဝင် တိတိကျကျလေ့လာပြီး မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကြည့်လျှင် အဖြေမှန်မှာ ထင်ရှားပေါ်လွင်လာမည်ဖြစ်သည်။ မီဒီယာအချို့၏ လုပ်ကြံစားပုံဖျက်နေသည့်သတင်းများကို ယုံစားနေမည်ဆိုပါက အမှန်တရားနှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ လက်ရှိကာလတွင် ငြိမ်းချမ်းရေးကို အလေးထားပြီး တွေ့ဆုံဆွေးနွေးမှု ၁၀၆ ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန်၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရန်၊ အာဏာခွဲဝေရေး၊ သယံဇာတခွဲဝေအသုံးပြုရေး စသည့်အရေးကြီးကိစ္စများကို ညှိနှိုင်းသဘောတူညီခဲ့ကြပြီးဖြစ်သည်။ EAO အချို့မှာ သဘောတူညီချက် ဖောက်ဖျက်ပြီး အစိုးရထိန်းချုပ်နယ်မြေအတွင်း ဝင်ရောက်တိုက်ခိုက်ခြင်း၊ ခြေကုပ်စခန်းတည်ဆောက်ခြင်း၊ ပြည်သူလူထုကို အန္တရာယ်ပေးခြင်းကြောင့်သာ တန်ပြန်တိုက်ခိုက်ခဲ့ရသည်။

နှောင့်ယှက်တိုက်ခိုက်မှုများကိုလည်း အင်အားအလွန်အကျွံမသုံးဘဲ ဗီယင်နာကွန်ဗင်းရှင်းပါ ထိတွေ့မှုစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံရေးပြောင်းလဲမှုကို အခွင့်ကောင်းယူ၍ ထိခိုက်ခံစားလွယ်သော၊ မသိနားမလည်သော လူငယ်အချို့အား PDF အဖြစ် သင်တန်းပေး၊ လက်နက်တပ်ဆင်ပြီး နှစ်ပေါင်း ၅၀ နီးပါး အေးချမ်းနေသည့် ပြည်တွင်းဒေသများတွင် အကြမ်းဖက်လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာအောင် ဖန်တီးခဲ့သည်။ တစ်ဆက်တည်းတွင် ပွဲလန့်တုန်းဖျာခင်းသည့် ပြည်ပြေး NUG အကြမ်းဖက်အဖွဲ့က ပြည်တွင်းရှိ PDF များကို လက်နက်ငွေကြေးထောက်ပံ့ပေးပြီး အကြမ်းဖက်သတ်ဖြတ်မှုများ ဆက်တိုက်ပြုလုပ်နေသည်။ ပြည်သူလူထုကို အကာအကွယ်ပေးရန် အစိုးရတွင်တာဝန်ရှိ၍ ပြန်လည်တုံ့ပြန် ရှင်းလင်းဖယ်ရှားနေခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်သည် စနစ်တကျဖွဲ့စည်းထားပြီး အတွေ့အကြုံနှင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်ဖြစ်၍ သာမန်လက်နက်ကိုင်အဖွဲ့များကို လွယ်ကူစွာ ချေမှုန်းနိုင်စွမ်းရှိသည်။ အင်အားသုံးချေမှုန်းခြင်းဖြင့် မိမိတို့နိုင်ငံသားများသာ သေကျေဒဏ်ရာရကြမည်ဖြစ်၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်တွင်းရေးကိစ္စများကို အေးချမ်းစွာဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားသည်။ လွတ်ငြိမ်းချမ်းသာခွင့်များကိုလည်း မုဒိမ်းမှု၊ လူသတ်မှုမှအပ အခြားအမှုများကို မကြာခဏခွင့်ပြုပေးလျက်ရှိသည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး နိုင်ငံရေးပါတီဖွဲ့စည်း၍ နိုင်ငံ့အရေးပြုလုပ်ခွင့်ပြုထားသည်။ EAO အချို့၏ ငြိမ်းချမ်းရေးတွင် မပါဝင်နိုင်သည့် အကြောင်းရင်းမှန်ကို ထဲထဲဝင်ဝင် လေ့လာလျှင် သိရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်တရားများကို ရှင်းရှင်းလင်းလင်း အသိပေးခဲ့ပြီဖြစ်သည်။ ပကတိဖြစ်စဉ်များကို ပုံဖျက်ပြီး သတင်းအမှားဖန်တီးထားကာ တိုင်းပြည်ပျက်စီးရန် ကြိုးပမ်းမှုအဖုံဖုံတို့ကို နားလည်သဘောပေါက်ကြသည့် မိတ်ဆွေနိုင်ငံများနှင့်ပူးပေါင်းလက်တွဲကာ တူညီဆန္ဒများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။ ။


စိုက်ပျိုးရေးကျောင်း- ပျဉ်းမနား ၊ တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနား




အနာဂတ်၏ ဖွံ့ဖြိုးမြန်မာ ၊ စိုက်မွေးပညာ သင်ယူပါ ၊ လူငယ်ဘဝ တစ်သက်တာ

နှစ်တစ်ရာပြည့် အဆောက်အဦးများနှင့်ပြခန်းများသို့ အများပြည်သူများ လာရောက် လေ့လာနိုင်ပါသည်။

ပျဉ်းမနား၊ စိုက်ပျိုးရေးသိပ္ပံကျောင်း

၂၀၂၃ခုနှစ် ၊ ဇွန်လ ၂၄ - ၂၅ရက်


## မင်းလှမြို့၌ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ်လှုပ်ရှားမှု နေပီယာမြက် သရုပ်ပြစိုက်ပျိုး



မင်းလှ ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အရ နေပီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ထန်းပင်ကုန်းကျေးရွာ တောင်သူ ဦးမောင်မောင်ရိုန်၏ စိုက်ကွက်ငါးဧကတွင် ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါက်တာ ရွှေရည်လဲ့တို့က တောင်သူများထံ တိရစ္ဆာန်အစာပင်(နေပီယာမြက်)မျိုးများ ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများက တိရစ္ဆာန် အစာပင် (နေပီယာမြက်)များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

အဆိုပါတိရစ္ဆာန်အစာပင် နေပီယာမြက်မျိုးများကို စိတ်ဝင်တစားစိုက်ပျိုးမည်ဆိုပါက အခမဲ့ဖြန့်ဝေပေးခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို ပြသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၉၀၀ | ၁,၄၀၀ | ၁၁,၀၆၀,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၂၀ | ၅၈,၀၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၁၈၀ | ၁,၂၉၆,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၁၁,၀၈၈ | ၁၆,၂၃၃,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၄၈၅ | ၁,၁၆၈,၈၅၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၃၈၀ | ၉၅၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀၀ | ၄၉၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၁၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၁၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၃**

အမျိုးသားမြေအသုံးချမှု ကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်း ခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားမြေ အသုံးချမှုကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ကံဇော်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာန ဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူ များတက်ရောက်ကြပြီး အမျိုးသားမြေ အသုံးချမှုကောင်စီဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယို ကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများ နှင့် အခြေခံမူများကို အကောင်အထည် ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှု မူဝါဒနှင့်သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀၇/၂၀၂၁ နှင့် ၂၀၂၂ ခုနှစ် ဇွန် ၁၉ ရက်စွဲ ပါအမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၂၂ တို့ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားမြေ အသုံးချမှုကောင်စီကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၄၇/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်း ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့်အစည်း အဝေးသည် အမျိုးသားမြေအသုံးချမှု ကောင်စီ ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပထမဦးဆုံး အစည်းအဝေးဖြစ်ပါကြောင်း၊ မြေယာသိမ်းဆည်းမှုများ၊ အငြင်းပွားမှု များ၊ တိုင်တန်းမှုများလည်း များပြားလာ ခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဖြေရှင်းရမည့် နည်းလမ်းများလည်း ရှုပ်ထွေးများပြားသည့်အတွက် မြေယာ စီမံအုပ်ချုပ်မှုတွင် အခက်အခဲများဖြစ်ပေါ် ခဲ့ကာ အကျိုးဆက်အနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတား ဖြစ်စေခဲ့ကြောင်း။

ထို့ကြောင့် ၂၀၁၂ ခုနှစ်မှစပြီး အစိုးရ အဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းပြီး အမျိုးသားမြေအသုံးချမှု မူဝါဒတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် စတင်ဆောင်ရွက်ခဲ့ ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး အစည်း အဝေး(၃၉)ကြိမ်၊ နည်းပညာသင်တန်း နှစ်ကြိမ်၊ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲငါးကြိမ် ကျင်းပကာ အကြိမ် ကြိမ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများမှ ရလဒ်များနှင့် အကြံပြုဆွေးနွေးချက်များ ကို အခြေခံပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် အမျိုးသားမြေအသုံးချမှုမူဝါဒကို အတည် ပြုထုတ်ပြန်ခဲ့ကြောင်း။

**အမျိုးသားမြေအသုံးချမှု မူဝါဒ**

အမျိုးသားမြေအသုံးချမှု မူဝါဒသည် မြေယာနှင့်အရင်းအမြစ်များကို ရေရှည် တည်တံ့စွာ အသုံးပြုနိုင်မှု ဖွံ့ဖြိုးတိုးတက် ရေး၊ ပြည်သူအများ မြေယာလုပ်ပိုင်ခွင့် ခိုင်မာရေး၊ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ် ပြုအကာအကွယ်ပေးရေး၊ ပွင့်လင်းမြင် သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျ သက်သာမှုနှင့် လွတ်လပ်မှုရှိသော မြေယာအမှုအခင်းများ ဖြေရှင်းဆုံးဖြတ် သည့် လုပ်ငန်းစဉ်များ ထူထောင်ရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ရင်းနှီး မြှုပ်နှံမှုနှင့် မြေအသုံးချမှုစီမံခန့်ခွဲမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားမြေ ဥပဒေရေးဆွဲပြီး တည်ဆဲမြေယာဥပဒေ များကို သဟဇာတဖြစ်အောင် ဆောင်ရွက် ရေးတို့ကို ရည်ရွယ်ထားပြီး မူဝါဒလမ်း ညွှန်ချက် အသေးစိတ်များ ပြဋ္ဌာန်းထား ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှု များနှင့် အခြေခံမူများကို အကောင်အထည် ဖော် ဆောင်ရွက်ရေးနှင့် မြေအသုံးချမှု မူဝါဒနှင့်သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် အမျိုးသားမြေအသုံးချမှုကောင်စီ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း။

အမျိုးသားမြေအသုံးချမှု ကောင်စီ အနေဖြင့် မြေယာအသုံးချမှုနှင့် စပ်လျဉ်း ပြီး တည်ဆဲဥပဒေများနှင့် သဟဇာတ ဖြစ်သည့် အမျိုးသားမြေစီမံခန့်ခွဲမှုဥပဒေ ရေးဆွဲပြုစုရေး၊ မြေအသုံးချမှုစီမံအုပ်ချုပ် ရေးကိစ္စများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့် ပညာရပ် ဆိုင်ရာများ အကြံဉာဏ်များပေးနိုင်ရေး၊ စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ်များ ချမှတ်ပြီး ထိထိရောက်ရောက် ဆောင်ရွက် နိုင်ရေး၊ မြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ စနစ်တကျရေးဆွဲ ပြုစုနိုင်ရေး၊ မြေအရင်းအမြစ်သတင်း အချက်အလက်နှင့် မြေပုံများမှန်ကန်စေ ရေး၊ မြေအရင်းအမြစ်များစီမံခန့်ခွဲရာ တွင် စနစ်တကျ ဖြစ်စေရေးနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြေသယံဇာတ အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးနှင့် ပြည်သူအများ မြေယာလုပ်ပိုင်ခွင့်ခိုင်မာ ရေးတို့အတွက် မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော် ရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဖွံ့ဖြိုး မှုမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြေအသုံးချမှုစီမံကိန်း ရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၊ အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲ မှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၊ ပြည်ထောင်စုနယ် မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားမြေအသုံးချမှုမူဝါဒ(၂၀၁၆) ခုနှစ်ကိုအခြေခံပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်း ကော်မတီ၏ Focal ဝန်ကြီးဌာနဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက အမျိုးသားမြေဥပဒေတွင် ပါဝင်သင့်သော အခန်းများ(ပထမမူကြမ်း) [၂၀၂၂] ကို တင်ပြဆွေးနွေးခဲ့ပြီး အဆိုပါ မူကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန တချို့ကလည်း သဘောထားမှတ်ချက် ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီမှ ပေးပို့လာသည့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် (၂)တို့တွင်ပါရှိသော **“မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီ ချက်များ”**အား အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေ (မူကြမ်း)ရေးဆွဲပြုစုရာတွင် ထည့်သွင်း ရေးဆွဲနိုင်ရေး သက်ဆိုင်ရာအမျိုးသားမြေ ဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှု ဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီအနေဖြင့် အလေးထား ဆောင်ရွက်ပေးစေလိုကြောင်း။

**အလေးထားလိုက်နာဆောင်ရွက်**

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပေးခြင်းများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အစည်းအဝေးဆုံးဖြတ်ချက်အား မူဝါဒ အဖြစ် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများ အနေဖြင့် အလေးထားလိုက်နာဆောင် ရွက်စေလိုကြောင်း၊ အမျိုးသားမြေအသုံး ချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များ အနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက်၊ နေရာဒေသအလိုက် ကျရာနေရာမှပါဝင် ပြီး ကြိုးပမ်းထမ်းဆောင်ကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက မြေယာမူဝါဒနှင့်စပ်လျဉ်းပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက် များ၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မြေယာမူဝါဒနှင့်စပ်လျဉ်းပြီး ဆောင်ရွက် လျက်ရှိသည့် အခြေအနေများ၊ ဝန်ကြီး ဌာနများအနေဖြင့် မြေယာနှင့်စပ်လျဉ်းပြီး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဦးစီးဌာနများအလိုက် ဌာနပိုင်မြေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့ရွာများခွင့်ပြုချက်မရှိဘဲ တိုးချဲ့ဆောင် ရွက်နေမှုကို ထိန်းသိမ်းဆောင်ရွက်ရမည့် အချက်များ၊ လမ်းမြေများပေါ်တွင် ကျူးကျော်မှုများအား ထိန်းသိမ်းဆောင် ရွက်ရမည့်အချက်များနှင့် အမျိုးသားမြေ ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ပြည်ထဲ ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှု ကောင်စီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက တတိယအကြိမ် အစည်း အဝေးဆုံးဖြတ်ချက်များအပေါ် ဆောင် ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေ ဥပဒေရေးဆွဲပြုစုရေးနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက် မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြေအသုံးချမှုစီမံကိန်း ရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော် ရေးလုပ်ငန်းကော်မတီနှင့် မြေအသုံးချမှု ဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူ များက ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဥပဒေရုံးများအတွက် သွပ်များနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် ဆေးဝါးများလှူဒါန်း

**စစ်တွေ ဇွန် ၂၃**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဥပဒေရုံးများ ပြန်လည်ပြုပြင်ရန် သွပ်များထောက်ပံ့ပေးအပ်ခြင်းနှင့် မုန်တိုင်းဒဏ်သင့် ဥပဒေရုံးများမှ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေနှင့် ဆေးဝါးများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး တော်ဝင်သဇင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် မိုခါမုန်တိုင်းဒဏ်ကျရောက်ပြီးနောက် ဥပဒေရုံးအဆောက်အအုံများ ပျက်စီးမှု၊ လတ်တလော ပြုပြင်ထိန်းသိမ်းထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။




ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဥပဒေရုံးများနှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရသော ဌာနဖြစ်သဖြင့် ခွင့်ပြုငွေများရရှိအောင် တင်ပြတောင်းခံသွားရန်လိုအပ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် သွပ်အချပ် ၄၂၃ ချပ်၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ငွေကျပ်သိန်း ၂၀၀ ကို လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လှူဒါန်းငွေ ၁၀၉ သိန်းကို ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် လှူဒါန်းခဲ့ပါကြောင်း၊ မုန်တိုင်းမကျရောက်မီကပင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကြိုတင်ဆောင်ရွက်ခဲ့မှုများကြောင့် ဝန်ထမ်းများထိခိုက်သေဆုံးမှုမရှိဘဲ ရုံးအဆောက်အအုံများ အနည်းငယ်သာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ခရိုင်နှင့် မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများက မိုခါမုန်တိုင်းကြောင့် ရုံးအဆောက်အအုံများ ပျက်စီးခဲ့မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥပဒေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများကို ပြည်နယ်ဥပဒေချုပ်ထံ ပေးအပ်ပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဥပဒေချုပ်ရုံး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဆိုင်ရာအမှုစစ်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကော်မရှင်ရုံးခွဲတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဥက္ကဋ္ဌက စစ်ဆေးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းအားဖြင့်စနစ်တကျ လုပ်ကိုင်တတ်လာမည်ဖြစ်သကဲ့သို့ မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ပိုင်းခြားသိမြင်နိုင်စေမည်ဖြစ်ကြောင်း၊ အောင်မြင်သည့် စစ်ဆေးရေးမှူးကောင်းများ ဖြစ်လာစေရေးအတွက် လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်လာမည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်းဘဝ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ 





စွမ်းဆောင်မှုများ ကောင်းမွန်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အရည်အသွေးမြင့်မားလာကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ စွမ်းဆောင်ရည်များလည်း မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနများဖြစ်ကြသည့် ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၃ မှ

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသားမြေအသုံးချမှု ဥပဒေရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်အကောင်အထည်ဖော်ရေးနှင့် အမျိုးသားမြေအသုံးချမှု ဥပဒေပေါ်ပေါက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကိစ္စရပ်များအပြင် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေအသုံးချမှုနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် မြေယာမူဝါဒနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့၌ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မော်လမြိုင် ဇွန် ၂၃**

မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကား ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များက အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများက လက်ခံခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

မိုခါမုန်တိုင်းကြောင့် လေဘေးသင့်သော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ စေတနာရှင်၊ အလှူရှင်များ၏ (ဒုတိယအကြိမ်)ငွေသား လှူဒါန်းမှုနှင့် ဆန်၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်ဘူးနှင့် ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၆၅၅၄၉၅၀၀ ဖြစ်ကာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ငွေသားနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၆၅၅၆၂၁၆၅၀ ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း ကျင်းပ



နေပြည်တော် ဇွန် ၂၃

ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk)၏ အမှတ်စဉ် (၁၈) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD)တို့သည် နိုင်ငံတကာအကူအညီများ ဝင်ရောက်နိုင်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများကိုအခြေခံထားသည့် ဥပဒေများဖြင့် ငွေကြေးအရင်းအနှီးစီးဝင်စေရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစသည်တို့တွင် နိုင်ငံတကာနှင့်ဆက်သွယ်ရသည့် အခြေခံသဘောတရား၌ တူညီကြောင်း၊ FERD ဘက်မှ ချုပ်ဆိုသော နှစ်နိုင်ငံသဘောတူစာချုပ်များသည် အကျိုးအမြတ်ရယူခြင်းမရှိသည့် (Non- Profit)များဖြစ်သော်လည်း ယင်းစာချုပ်များ၏ အကျိုးဆက်များကို သိရှိလေ့လာထားရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံအတွက် အမြတ်အစွန်းနှင့် အကျိုးအမြတ်များ (Profit and Benefit) ရရှိနိုင်မည်ဖြစ်သဖြင့် အဆိုပါရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး နှစ်နိုင်ငံသဘောတူစာချုပ်များ (Bilateral Investment Treaties) ချုပ်ဆိုကြရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ အကာအကွယ်ပေးနိုင်ခြင်း (Investment Protection) နှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးခြင်း (Investment Promotion) သည် အရေးကြီးသည်ကို နားလည်ထားရန်လိုအပ်ကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းအိ တင်ပြဆွေးနွေးမည့်ခေါင်းစဉ်သည် ထိရောက်ပြီး အကျိုးများစေသည့် ခေါင်းစဉ်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနရှိဝန်ထမ်းများအနေဖြင့် ယနေ့ဆွေးနွေးပွဲတွင် တက်တက်ကြွကြွပါဝင် ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားပြီး ဆွေးနွေးမည့်ခေါင်းစဉ်၏ အခြေခံဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များနှင့် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ အကြောင်းကို မိတ်ဆက်ဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းအိက "မြန်မာနိုင်ငံက ချုပ်ဆိုထားသည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ" ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆွေးနွေးမှု ခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၂/၂၀၂၃) ကျင်းပ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၂/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ယှဉ်ပြိုင်မှုဆိုင်ရာတိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုများ၊ ယှဉ်ပြိုင်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးကိစ္စများ၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ယှဉ်ပြိုင်မှုဥပဒေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး အသိပညာပေး ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်တွင်းလုပ်ငန်းစဉ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သံတွဲမြို့၌ (RS)မျိုးစပါးနှင့် ယူရီးယားဓာတ်မြေဩဇာများ အခမဲ့ထောက်ပံ့

သံတွဲ ဇွန် ၂၃

သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ထုတ်စံပြစိုက်ကွက် စမ်းသပ်စိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးနှင့် ယူရီးယား ဓာတ်မြေဩဇာများ အခမဲ့ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးမြင့်က မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ် စံပြစိုက်ကွက် စမ်းသပ်စိုက်ပျိုးမည့် တောင်သူ ၇၁ ဦးအား တစ်ဧက တစ်တင်းနှုန်းဖြင့် ဆင်းသွယ်လတ်မျိုးစပါး ၉၆ တင်း၊ ဆင်းသုခ တင်း ၆၀၊ ပေါ်ဆန်းရင် ၂၁ တင်းပေးအပ်ခဲ့ပြီး ဧက ၁၀၀ တင်း ၁၀၀ စံပြစိုက်ကွက် စိုက်ပျိုးမည့်တောင်သူများအား GW-11 မျိုးစပါး တင်း ၇၀ နှင့် ယူရီးယားဓာတ်မြေဩဇာအား တစ်ဧကတစ်အိတ်နှုန်းဖြင့် အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံအနေဖြင့် ဆောင်းမြေပဲ စုစုပေါင်း ၁၉၂၆၁ ဧက၊ နေကြာ ဧက၇၀၊ ဆီမုန်ညင်း ဧက ၃၀၊ နှမ်း နှစ်ဧက စုစုပေါင်း ၁၉၃၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ပဲမျိုးစုံအနေဖြင့် မတ်ပဲ ၂၇၁၈ ဧက၊ ပဲတီစိမ်း ၃၅၁ ဧက၊ ဘိုကိတ် ၅၃၁၁ ဧက၊ ပဲကြီး ၂၃ ဧက၊ ပဲလွန်းဖြူ သုံးဧကနှင့် အခြားပဲ ၂၉ ဧက စုစုပေါင်း ၈၄၃၅ ဧကအား စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီး မိုးစပါးစိုက်ဧက ၃၈၄၃၂ဧက စိုက်ပျိုးမည်ဖြစ်ရာ ၎င်းအနက်မျိုးစေ့ထုတ်စံပြစိုက်ကွက် ဧက ၁၅၀ စမ်းသပ်စိုက်ပျိုးမည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးရာတွင် ဆင်းသွယ်လတ် ၆၉ ဧက၊ ပေါ်ဆန်းရင်စပါးမျိုး ၂၁ ဧက၊ ဆင်းသုခ ဧက ၆၀ အား ကျေးရွာကိုးရွာရှိ တောင်သူ ၇၁ ဦးဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး GW-11 မျိုးအား အလယ်ရွာကျေးရွာတွင် ဧက ၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Taur Matan Ruak ၏ဇနီး Madame Isabel da Costa Ferreira ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Taur Matan Ruak ၏ ဇနီး Madame Isabel da Costa Ferreira ကွယ်လွန်ခဲ့သည့်အတွက် အမှတ်(၁၀၇)/E ဗဟိုလမ်း ကရင်ခြံရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် သွားရောက် လက်မှတ်ရေးထိုးသည်။ **သတင်းစဉ်**

# မူးယစ်ရန်စွယ်အန္တရာယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

**ဇွန်လ ၂၆ ရက်နေ့ဟာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (International Day Against Drug Abuse and Illicit Trafficking) ဖြစ်ပါတယ်။ ဇွန်လ ၂၆ ရက်နေ့ကို သတ်မှတ်ပေးခဲ့တာကတော့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှာ ၁၉၈၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။**

စိုးဝင်း – MANA (ဗဟို)

ဇွန်လ ၂၆ ရက်နေ့ကို ရွေးချယ်သတ်မှတ်ပေးခဲ့တဲ့အကြောင်းက တရုတ်ပြည်မှာ ပထမ ဘိန်းစစ်ပွဲဖြစ်ပွားခါနီးကာလ ၁၈၃၉ ခုနှစ်က ဥရောပတိုက်သားတွေဖြစ်ကြတဲ့ ပေါ်တူဂီ၊ စပိန်နဲ့ ဒတ်ချ်လူမျိုးကုန်သည်တွေဟာ တရုတ်ပြည်ကို ဘိန်းတွေရောင်းချဖို့ ဂွမ်ဒုန်းပြည်နယ် ဟူးမင်မြို့ကို ရောက်လာတဲ့အချိန်မှာ ဟူကျန်ပြည်နယ် အုပ်ချုပ်ရေးမှူး Li Zexu ဟာ ဇွန်လ ၂၆ ရက်နေ့မှာ ဟူးမင်မြို့ကို သွားရောက်ပြီး ဥရောပဘိန်းကုန်သည်တွေ သယ်ယူလာတဲ့ ဘိန်းတွေကို သိမ်းဆည်းမီးရှို့ဖျက်ဆီးလိုက်ပါတယ်။ ဒီလိုဘိန်းတွေ မီးရှို့ဖျက်ဆီးခဲ့တဲ့ ဇွန်လ ၂၆ ရက်နေ့ကို အမြဲတမ်းအောက်မေ့သတိတရဖြစ်စေဖို့အတွက် ၁၉၈၇ ခုနှစ် ဇွန်လအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။




**မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**

နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ ကျရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဂုဏ်ပြုအခမ်းအနားတွေ ကျင်းပပြုလုပ်သလို မိမိတို့ မြန်မာနိုင်ငံမှာလည်း ဇွန်လ ၂၆ ရက်နေ့ အကြိုကာလလှုပ်ရှားမှုများအဖြစ် အလွတ်တန်းဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲတွေ ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွေကို မူးယစ်ဗဟိုအဖွဲ့ (CCDAC) က ကမကထ ပြုလုပ်ကျင်းပပေးလျက်ရှိပါတယ်။ NGO အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)က ဇွန်လ ၂၆ ရက်နေ့ အကြိုကာလမှာ ကျောင်းသားလူငယ်လေးများ ပညာသင်ကြားဆည်းပူးရာ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေနဲ့ တက္ကသိုလ်ကောလိပ်ကျောင်းတွေမှာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲတွေ ညှိနှိုင်းပြုလုပ်ပေးပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသူ ကျောင်းသားလေးတွေကို ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ/အင်္ဂလိပ်)၊ ကျပန်းစကားပြောပြိုင်ပွဲ (မြန်မာ/အင်္ဂလိပ်) တို့ကို ကျင်းပပြုလုပ်ကာ ဆုများကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်လျက်ရှိပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ကြိုးပမ်းတိုက်ဖျက်ခဲ့ရာ ၁၉၆၀ ပြည့်လွန်နှစ်များကစပြီး ဘိန်းခင်းတွေကို ငရဲပန်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ မဲလုံးစစ်ဆင်ရေးတွေနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး နှစ်စဉ်ဧကပေါင်းများစွာ ဖျက်ဆီးခဲ့ကြပါတယ်။ ဒါ့အပြင် ဝေးလံခေါင်းပါးတဲ့ တောင်တန်းဒေသတွေကို အကာအကွယ်ယူပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်နေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအချို့ရဲ့ ဘိန်းချက်စခန်း၊ ဘိန်းချက်စက်ရုံတို့ကိုလည်း ၁၉၇၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့ကစတင်ပြီး တပ်မတော်က မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁)မှ အဆင့်(၁၂)အထိ ဘိန်းစစ်ဆင်ရေးကြီးတွေ ပြုလုပ်ခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးပြဿနာကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် ၁၉၇၆ ခုနှစ်မှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး မဟာဗျူဟာနှစ်ရပ်ဖြစ်တဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံကနေ တိုက်ဖျက်ချေမှုန်းဖို့နဲ့ နယ်စပ်ဒေသနဲ့ တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးတွေရဲ့ လူနေမှုဘဝတိုးတက်မြင့်မားရေးနဲ့ ဘိန်းစိုက်ပျိုးမှုအလေ့အထ လုံးဝချုပ်ငြိမ်းပပျောက်ရေးဆိုတဲ့ မဟာဗျူဟာနှစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးဆိုတဲ့ နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ၁၉၉၉–၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၄–၂၀၁၅ ခုနှစ်အထိ ၁၅ နှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ ပြန်လည်သုံးသပ်ကာ ပိုမိုထိရောက်ဖို့အတွက် စီမံကိန်းကာလကို နောက်ထပ် ငါးနှစ်သက်တမ်းတိုးဆောင်ရွက်ခဲ့ပါတယ်။ သက်တမ်းတိုးငါးနှစ်ကာလက ၂၀၂၀ ပြည့်နှစ်မှာ ကုန်ဆုံးခဲ့ပြီးဖြစ်ပါတယ်။ အခုလို စီမံကိန်းသက်တမ်းကုန်ဆုံးသွားတဲ့အခါ စီမံကိန်းကြီး အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာကို သုံးသပ်ဆန်းစစ်မယ်ဆိုရင် လိုအပ်ချက်တွေရှိနေဆဲပဲလို့ ပြောရမှာဖြစ်ပါတယ်။

**လူသားမျိုးနွယ်စုတစ်ခုလုံးကို လူညွန့်တုံးအောင် ဒုက္ခပေးနေတဲ့ မူးယစ်ဆေးဝါးပြဿနာ**

ဘာကြောင့်လဲဆိုရင် တိုင်းရင်းသားညီနောင်အချို့ကြားမှာ နိုင်ငံရေးယုံကြည်ချက်၊ ခံယူချက်တွေနဲ့ နယ်မြေကိစ္စရပ်တွေအပေါ်မှာ ဆန္ဒစောပြီး စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင် ရင်ဆိုင်ဖြေရှင်းနေကြလို့ပဲဖြစ်ပါတယ်။ အမှန်တော့ ကျွန်တော်တို့အားလုံးဟာ လက်နက်ကိုင်ပဋိပက္ခထက် အဆပေါင်းများစွာဆိုးရွားပြီး လူသားမျိုးနွယ်စုတစ်ခုလုံးကို လူညွန့်တုံးအောင် ဒုက္ခပေးနေတဲ့ မူးယစ်ဆေးဝါးပြဿနာကို “ဘုံရန်သူ” အဖြစ် သတ်မှတ်ပြီး တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုက်ထုတ်ကြရမှာဖြစ်ပါတယ်။

ဒီမူးယစ်ဆေးဝါးပြဿနာကို မိမိတို့တိုင်းရင်းသားညီအစ်ကိုတွေအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် မူးယစ်ဆေးဝါးပြဿနာ လုံးဝမချုပ်ငြိမ်း၊ မပပျောက်နိုင်သည့်တိုင်အောင် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ သိသိသာသာ လျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။ UNODC လို့ခေါ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုများဆိုင်ရာရုံးရဲ့ ၂၀၂၂ ခုနှစ် Annual Report အရ ကမ္ဘာပေါ်မှာ ဘိန်းစိုက်ပျိုးမှုအများဆုံးနိုင်ငံဟာ အာဖဂန်နစ္စတန်နိုင်ငံက ၁၀၀ ရာခိုင်နှုန်းနဲ့ ပထမနေရာမှာရှိနေပြီး မြန်မာနိုင်ငံနဲ့ နိုင်ငံငယ်အချို့ကတော့ ၂၀ ရာခိုင်နှုန်းနဲ့ ဒုတိယနေရာမှာ ရပ်တည်နေကြောင်း သိရပါတယ်။

> **“ဒီမူးယစ်ဆေးဝါးပြဿနာကို မိမိတို့တိုင်းရင်းသားညီအစ်ကိုတွေအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် မူးယစ်ဆေးဝါးပြဿနာ လုံးဝမချုပ်ငြိမ်း၊ မပပျောက်နိုင်သည့်တိုင်အောင် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ သိသိသာသာလျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။ UNODC လို့ခေါ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုများဆိုင်ရာရုံးရဲ့ ၂၀၂၂ ခုနှစ် Annual Report အရ ကမ္ဘာပေါ်မှာ ဘိန်းစိုက်ပျိုးမှုအများဆုံးနိုင်ငံဟာ အာဖဂန်နစ္စတန်နိုင်ငံက ၁၀၀ ရာခိုင်နှုန်းနဲ့ ပထမနေရာမှာရှိနေပြီး မြန်မာနိုင်ငံနဲ့ နိုင်ငံငယ်အချို့ကတော့ ၂၀ ရာခိုင်နှုန်းနဲ့ ဒုတိယနေရာမှာ ရပ်တည်နေကြောင်း သိရ”**

နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးအခမ်းအနားတွေ ပြုလုပ်ကြသလို မိမိတို့ မြန်မာနိုင်ငံမှာလည်း ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မန္တလေးမြို့နဲ့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့တို့မှာ တစ်နှစ်တာအတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးအမျိုးမျိုးနဲ့ ဆက်စပ်ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးတဲ့အခမ်းအနားတွေကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုလုပ်လျက်ရှိပါတယ်။

၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့က တောင်ကြီးမြို့မှာ မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါးအမျိုးမျိုးရဲ့ တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၅၇ သန်း၊ မန္တလေးမြို့မှာ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၃ သန်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့မှာ အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၈ သန်း စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၄၂ ဒသမ ၆ သန်း ဖြစ်ပါတယ်။ မီးရှို့ဖျက်ဆီးနိုင်ခဲ့တဲ့ မူးယစ်ဆေးဝါးအမျိုးမျိုးရဲ့ အရေအတွက်ပမာဏနဲ့ တန်ဖိုးကိုကြည့်ရင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန အစရှိတဲ့ အဖွဲ့အစည်းတွေကို ဂုဏ်ပြုချီးကျူးရမှာဖြစ်ပါတယ်။

ယနေ့ မြန်မာလူငယ်ထုအတွင်း အများဆုံးသုံးစွဲနေတဲ့ မူးယစ်ဆေးဝါးက ATS (Amphetamine Type Stimulant ) လို့ခေါ်တဲ့ စိတ်ကြွရူးသွပ်ဆေးဝါးဖြစ်ပါတယ်။ အခု နောက်ဆုံးပေါ် ရေပန်းစားအသုံးများနေတဲ့ မူးယစ်ဆေးဝါးကတော့ စိတ်ကြွရုံတင်မကဘဲ လူတစ်ကိုယ်လုံးပါကြွပြီး ခုန်ပေါက်ပြေးလွှားပျော်ပါးစေတတ်တဲ့ မူးယစ်ဆေးဝါး (Happy Water) ပဲ ဖြစ်ပါတယ်။

**Happy Water မှာ ခြောက်မျိုးပေါင်းစပ်ပါဝင်**

Happy Water ကို ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံမှာ လူငယ်များသာမက အသက် ၄၀ ဝန်းကျင် လူလတ်ပိုင်းတွေပါ သုံးစွဲနေကြပါတယ်။ Happy Water ကို ရေနဲ့ပဲသောက်သောက်၊ ကြိုက်နှစ်သက်ရာ အချိုရည်တစ်မျိုးမျိုးနဲ့ပဲသောက်သောက်၊ ကော်ဖီနဲ့ပဲသောက်သောက် အလွယ်တကူ ဖျော်သောက်လို့ရပါတယ်။ Happy Water မှာ Caffeine၊ Ecstasy၊ Diazepam၊ Ketamine၊ Methamphetamine နဲ့ Tramadol တို့ ခြောက်မျိုး ပေါင်းစပ်ပါဝင်ပါတယ်။ Happy Water ကို တစ်ခါလောက် စမ်းသောက်မိရင်ပဲ ထပ်ကာထပ်ကာ သောက်ချင်အောင် စွဲလမ်းလာပြီး ငွေတွေကုန်မှန်းမသိ ကုန်ရာက တဖြည်းဖြည်းနဲ့ စီးပွားပျက်၊ ဥစ္စာပျက်၊ မိတ်ပျက်၊ ဆွေပျက်၊ ဘဝပါပျက်ပြီး အသက်ဆုံးရှုံး နိဂုံးချုပ်တတ်ပါတယ်။

ဒါကြောင့် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့အတိုင်း တိုင်းပြည်နဲ့ လူမျိုးအတွက် အားထားရတဲ့ အနာဂတ်ရဲ့ပွဲကိုင်ရှင် လူငယ်လေးတွေကို မူးယစ်ဆေးဝါးရဲ့ သားကောင်ဘဝ မကျရောက်ရအောင် မိဘအုပ်ထိန်းသူတွေ၊ ဆရာ ဆရာမတွေနဲ့ ရပ်မိရပ်ဖတွေပါမကျန် အားလုံးက ဝိုင်းဝန်းထိန်းကျောင်း ကာကွယ်စောင့်ရှောက်ပေးကြဖို့ အလေးအနက် တိုက်တွန်းမေတ္တာရပ်ခံလိုက်ရပါတယ်။ ။

**ကိုးကား**

- မူးယစ်ဗဟို (CCDAC) ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ၂၆ – ၆ – ၂၀၂၂ ရက်နေ့တွင် ပေးပို့သော သဝဏ်လွှာ
- UNODC မှ ထုတ်ပြန်သော ၂၀၂၂ Annual Report

## ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၃ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ MMM ကွန်ဒို၊ အမှတ် ၄၃-၄၄ (8-A) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၂၈ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၄ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊ အမှတ် (၄၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၂၉) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဒီမိုကရက်တစ်အင်အားစုလေဘာပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မလွန်ဆေးရိုးဝင်း၊ အောင်နန်းအနောက်ရပ်ကွက်၊ ၃၃ x ၃၄ ကြား၊ (၈၅) လမ်း၊ အမှတ် (၁၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၀) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသမီးပါတီ (မွန်) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၆ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**အမျိုးသမီးပါတီ (မွန်) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (၅/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသမီးပါတီ (မွန်)** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသမီးပါတီ (မွန်)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၃၁ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

**❂ ပွင့်ဖြူမြို့နယ်မှ**

ဆည်ရေစနစ်တကျသုံးစွဲဖို့အတွက် ကြိုတင်ပြီးတော့ အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။

မိုးသီးနှံအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများ ဖြန့်ဝေပေးနေပြီဖြစ်၍ အညာကျေးလက်ဒေသများရှိ ဒေသခံတောင်သူများက မိုးစပါးသီးနှံစိုက်ပျိုးရန်အတွက် လယ်ယာမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် စပါးပျိုးထောင်ခြင်းတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်နေကြကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဒေသတွင်း ဆန်စပါးစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုးစပါး ၆၉၆၄၅ ဧကေ၊ ဖူးစားပြောင်း ဧက ၃၃၃၀၊ နှံစားပြောင်း ဧက ၂၀၊ ပဲမျိုးစုံသီးနှံ ၈၄၅၅ ဧက၊ ဆီထွက်သီးနှံစုံ ၈၂၀၁ ဧက၊ စားဖိုဆောင်သီးနှံစုံ ၃၅၁၃ ဧက၊ ချည်မျှင်ရှည်(ဝါ)သီးနှံ ၁၅၃၅ ဧက၊ ကြံ ရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ အခြားစားပင်သီးနှံ ၂၅၃၃ ဧက၊ ပရဆေး ၂၅၇ ဧက၊ အထွေထွေစားသုံးသီးနှံ ၅၂၄ ဧက၊ ကျွဲ၊ နွား တိရစ္ဆာန်အစာ ၁၀၃၄၂ ဧက၊ အစေ့ကျားကြက်ဆူ ၂၅ ဧက၊ အခြားသီးနှံ ၈၄၂ ဧက စုစုပေါင်း ၁၀၉၅၀၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**✻ ရေဖုံးမှ**

မင်းသန်း-မောင်းလော့် မြစ်ကူးတံတားကြီး ပြီးစီးသွားပါက မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများအကြား ကုန်စည်စီးဆင်းမှု အဆင်ပြေစွာ လွယ်ကူမြန်ဆန်လာမည်ဖြစ်သည့်အပြင် ကျန်းမာရေးအတွက် မြိတ်မြို့ရှိ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီတင်ပို့နိုင်မည်ဖြစ်ပြီး ပညာရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မောင်းလော့်ကျေးရွာနေ ဒေသခံများက ပြောသည်။

“ဒီတံတားကြီးပြီးသွားရင် ကားတွေ၊ ဆိုင်ကယ်တွေနဲ့ အလွယ်တကူ သွားလာလို့ရပါပြီ။ ကားနဲ့ဆို ကုန်ရောင်းကုန်ဝယ်တွေ နေ့ချင်းရောက်မယ်။ အရေးပေါ်လူနာဆိုလည်း ချက်ချင်းတင်ပို့ရတာပေါ့။ အရင်က လှေနဲ့တင်ပို့တာနဲ့စာရင် အချိန်ကုန်သက်သာမယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက်လည်း များစွာအထောက်အကူရစေနိုင်ပါတယ်” ဟု ကျွန်းစုမြို့နယ် မောင်းလော့်ကျေးရွာနေ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါ မင်းသန်း-မောင်းလော့်တံတားသည် အရှည်ပေ ၂၁၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၂ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ ရေလမ်းကင်းလွတ် အမြင့် ၂၆ ပေဖြစ်ပြီး တံတားစီမံကိန်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တနင်္သာရီမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် ကျေးရွာချင်းဆက် မင်းသန်း-မောင်းလော့်တံတား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ မင်းသန်းကျေးရွာအုပ်စုနှင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၃၀ တို့မှ ဒေသခံပြည်သူ သုံးသောင်းကျော်တို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို လွယ်ကူလျင်မြန်စွာ ရာသီမရွေး၊ အချိန်မရွေး ဆက်သွယ်သွားလာနိုင်မည့်အပြင် မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကိုလည်း ပေါင်းကူးဆက်သွယ်သွားလာနိုင်မည်ဖြစ်သောကြောင့် ဒေသအတွင်း ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မုံရွာမြို့ အထက(၂)၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**မုံရွာ ဇွန် ၂၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက မူးယစ်ဆေးဝါးအကြောင်းနှင့် ဦးစီးအရာရှိ ဒေါ်ယုယုဝင်းက စာဖတ်ခြင်း အကျိုးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲတို့အား တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ထုတ်ဝေသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ဝေသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဇေယျာရွှေမြေ လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ထိထိမိမိဆောင်ရွက်

**စစ်တွေ ဇွန် ၂၃**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိပြည်နယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာနရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)၊ ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တို့သို့ သွားရောက်ပြီး မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး ပြည်တော်အေး-၄ သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ လျင်လျင်မြန်မြန် ဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့များအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ် ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သံတွဲမြို့



သံတွဲမြို့ သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒက ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းစဉ်။

သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒက ပြည်နယ်ဝန်ကြီးချုပ်ထံ အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးတို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပြီးစီးမှုများနှင့် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေကြသည့် မြင်ကွင်းများကို တွေ့မြင်ရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများတွင် အမိုးအကာအောက် ပြည့်စုံလုံလောက်စွာ အမြန်ရောက်ရှိပြီး နိုင်ငံ့တာဝန်များ ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရေးသည် အရေးကြီးကြောင်းနှင့် စစ်တွေမြို့ကို သန့်ရှင်း သာယာလှပသည့် မြို့တစ်မြို့ဖြစ်အောင် စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်

စာမျက်နှာ ၉ သို့ ❖





ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို ဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာ၌ တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များဖြင့် ထွန်ယက်ပေးစဉ်။



မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၌ တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များဖြင့် ထွန်ယက်ပေးစဉ်။



မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာ၌ Life Straw ရေသန့်စက် ဖြန့်ဝေပေးထားစဉ်။



မင်းပြားမြို့နယ်၌ ရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးစဉ်။



မြောက်ဦးမြို့နယ် လက္ကာကျေးရွာ၌ Solar ရေသန့်စင်စက်ဖြင့် သောက်သုံးရေဖြန့်ဝေပေးစဉ်။

# မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ်များအား နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

## သတင်းထုတ်ပြန်ချက်

နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၃)ရက်

၁၄.၅.၂၀၂၃ ရက်နေ့တွင် အလွန်အားပြင်းသော မိုခါမုန်တိုင်း သက်ရောက်မှုဒဏ်ကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်း(၁၀)မြို့နယ်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားသည့် ၂၃၀ ကေဗွီ၊ ၆၆ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၏ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့နှင့် ကျောက်တော်မြို့များသို့ ၇.၆.၂၀၂၃ ရက်နှင့် ၁၈.၆.၂၀၂၃ ရက် အသီးသီးတို့တွင် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ကျန်ရှိနေသော ဒေသများအား လျှပ်စစ်မီးရရှိနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၃.၆.၂၀၂၃ ရက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦး ဓာတ်အားလိုင်း ပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် မြောက်ဦးမြို့ရှိ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မြောက်ဦးဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ (၅)ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ (၉၄)လုံးဖြင့် မြို့ပေါ်ရပ်ကွက် (၇)ရပ်ကွက်နှင့် ကျေးရွာ (၂၆) ရွာရှိ မီးသုံးသူ (၅၃၅၇) ဦး၊ မင်းပြားမြို့ရှိ ၆၆/၃၃/၁၁ ကေဗွီ မင်းပြားဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ(၄)ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ (၄၀) လုံးဖြင့် မြို့ပေါ်ရပ်ကွက်(၈) ရပ်ကွက်နှင့် ကျေးရွာ (၃)ရွာရှိ မီးသုံးသူ (၃၁၂၁) ဦး၊ မြေပုံမြို့ရှိ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မြေပုံဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဖီဒါ(၂)ဖီဒါမှ ၁၁/၀.၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာ (၂၄)လုံးဖြင့် မြို့ပေါ်ရပ်ကွက် (၉)ရပ်ကွက်နှင့်ကျေးရွာ(၅)ရွာရှိ မီးသုံးသူ(၂၃၁၀) ဦးတို့အား ဓာတ်အားဖြန့်ဖြူး ပေးထားပြီးဖြစ်ကြောင်း သိရသည်။



မြောက်ဦးမြို့ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။


မြေပုံမြို့ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။



မင်းပြားမြို့ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

❖ စာမျက်နှာ ၈ မှ

ဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှု ကောင်းမွန်ရေးသည် အရေးကြီးကြောင်း၊ ထို့အတူ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ထိထိမိမိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေး မိုဘိုင်းစခန်းများ ထိခိုက်ပျက်စီးခဲ့ရာ ယနေ့အထိ မိုဘိုင်းစခန်းပေါင်း ၁၂၂၇ ခုကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုဘိုင်းဖုန်းဆက်သွယ်ရရှိမှုအနေဖြင့် ၉၉ ဒသမ ၅၁ ရာခိုင်နှုန်း ဖြစ်ကြောင်း


မြောက်ဦးမြို့ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ စက်မှုလယ်ယာဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများမှ တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်အစီး ၈၀ ဖြင့် ထွန်ယက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၂ ရက်အထိ မြေဧက ၁၉၀၉ ဧက ထွန်ယက်ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာ ၅၇၉ ရွာ၌ ရွေ့လျား ရေသန့်စင်ကား၊ ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက်နှင့် Life Straw တို့ဖြင့် ရေဂါလန်ပေါင်း ၁၀၃၆၁၈၆ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ကာ မုန်တိုင်းကြောင့် ဆားငန်ရေဝင်ရောက်ခဲ့သည့် မြေသားရေကန် ၂၃၃ ကန်မှ ရေများစုပ်ထုတ်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြေသားရေကန် ၂၃၀ ကို စုပ်ထုတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်း ၁၀ မြို့နယ်သို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးထားသည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ယနေ့ညပိုင်းတွင် မြောက်ဦးမြို့ရှိ ဓာတ်အားခွဲရုံမှတစ်ဆင့် မြောက်ဦးမြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၂၆ ရွာကိုလည်းကောင်း၊ မင်းပြားဓာတ်အားခွဲရုံမှ တစ်ဆင့် မင်းပြားမြို့ပေါ် ရှစ်ရပ်ကွက်နှင့်ကျေးရွာ သုံးရွာသို့လည်းကောင်း၊ မြေပုံဓာတ်အားခွဲရုံမှတစ်ဆင့် မြေပုံမြို့ရှိ ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ငါးရွာသို့လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


မြေပုံမြို့ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

# သူနာပြုသင်တန်းကျောင်း (နေပြည်တော်)နှင့် သားဖွားသင်တန်းကျောင်း(နေပြည်တော်) သူနာပြု-သားဖွားဒီပလိုမာသုံးနှစ်သင်တန်း "ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနား" ကျင်းပ



**နေပြည်တော် ဇွန် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း (နေပြည်တော်)နှင့် သားဖွားသင်တန်းကျောင်း (နေပြည်တော်)တို့၏ သူနာပြု-သားဖွား ဒီပလိုမာသုံးနှစ်သင်တန်းမှ သင်တန်းသား သင်တန်းသူများအား "ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနား" ကိုယနေ့နံနက်၉နာရီတွင်သားဖွားသင်တန်းကျောင်း (နေပြည်တော်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်၊ သူနာပြုအရာရှိနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သူနာပြု-သားဖွား သင်တန်းသား သင်တန်းသူများအနေဖြင့် စာတွေ့နှင့် လက်တွေ့ဆောင်ရွက်မှုများ ကွာဟမှုမရှိစေဘဲ စာတွေ့နှင့်လက်တွေ့မျှမျှတတ ကျွမ်းကျင်စွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးကြီး၍ သင်တန်းတွင် လေ့ကျင့်သင်ကြားပေးမှုများကို ဂရုတစိုက် လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သူနာပြု-သားဖွားဒီပလိုမာသုံးနှစ်သင်တန်း ပထမနှစ် ဖွင့်လှစ်နေသည့် သူနာပြုနှင့် သားဖွားသင်တန်း ကျောင်း ၃၆ ကျောင်းနှင့် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်း ပထမနှစ်ဖွင့်လှစ်နေသည့် သားဖွား သင်တန်းကျောင်းခြောက်ကျောင်းတို့တွင် သူနာပြု-သားဖွားဒီပလိုမာ သင်တန်းသား သင်တန်းသူ ၁၆၁၀ နှင့် ဘက်စုံသားဖွားဒီပလိုမာ သင်တန်းသူ ၁၈၂ ဦး တို့အား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားများကို ကျင်းပပေးအပ်လျက်ရှိသည်။ အဆိုပါကျောင်းများတွင် တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူအားလုံးကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

အရည်အသွေးပြည့်ဝသော ပြည်သူလူထုက ယုံကြည်အားထားရသည့် သူနာပြုဆရာ ဆရာမကောင်းများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ မွေးထုတ်နေခြင်းဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့်ပညာရပ်များကို ကြိုးစားလေ့လာကြရန်လိုကြောင်း၊ ထို့ပြင် အတတ်ပညာနှင့် ကျွမ်းကျင်မှုသာမက ခံယူချက်ကောင်းသည့် ကျင့်ဝတ်သိက္ခာစောင့်စည်းလိုက်နာသည့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိသော တာဝန်သိသူနာပြုဆရာ ဆရာမကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီးတို့က အတန်းအလိုက် ပညာရည်ချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး ပထမနှစ်သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသား သင်တန်းသူများက ကရုဏာအလင်းသီချင်းဖြင့် စုပေါင်းသီဆို ဖျော်ဖြေကြသည်။

ယင်းနောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်း(မိုခါ)ကျရောက်ခဲ့သော ရခိုင်ပြည်နယ်၌ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆေးကုသမှုအဖွဲ့များ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၃**

ကျန်းမာရေး ဝန်ကြီးဌာနသည် ဆိုင်ကလုန်း(မိုခါ)ကျရောက်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် မုန်တိုင်း မကျရောက်မီကပင် ကျန်းမာရေး ကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး မုန်တိုင်းကျရောက်ပြီးချိန်တွင်လည်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိပြီး ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများရှိ ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ အမြန်ဆုံး ပြင်ဆင်ပြီးစီးစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှုဖြင့် နီးနွယ်ဆက်စပ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ အထူးကုဆေးအဖွဲ့ ၁၇ ဖွဲ့ စေလွှတ်ပြီးဖြစ်ပြီး ရခိုင်ပြည်နယ်၌ လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးအဖွဲ့သုံးဖွဲ့ရှိသည်။

အဆိုပါ အထူးကုဆေးအဖွဲ့များသည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ ကျောက်တော်မြို့၊ မင်းပြားမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့၊ ပေါက်တောမြို့၊ မြောက်ဦးမြို့၊ မြေပုံမြို့တို့ရှိ ဒေသခံပြည်သူများအား ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး အရေးပေါ်ကုသမှုများဖြစ်သည့် အူသိမ်ပေါက်သည့်လူနာ၊ အူအတက်ပေါက်သည့် လူနာများ၊ အရိုး၊ အကြောဆိုင်ရာ ခွဲစိတ်ကုသမှုများ အပါအဝင် ခွဲစိတ်ကုသမှု (၅၉)ကြိမ်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မျက်စိအထူးကုဆေးအဖွဲ့သည် စစ်တွေမြို့ရှိ မျက်စိအထူးကုဆရာဝန်ကြီး၊ မျက်စိကျွမ်းကျင်သူနာပြုများနှင့်အတူ ကွင်းဆင်းကုသမှုများတွင် လိုက်ပါဆောင်ရွက်ခြင်းနှင့် ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၌ မျက်စိရောဂါပြင်ပလူနာများ ကြည့်ရှုကုသပေးခြင်း၊ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၂ ရက်အထိ ကွင်းဆင်းကုသမှု၌ ဒေသခံပြည်သူ ၃၂၃ ဦးကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၌ မျက်စိပြင်ပလူနာ ၂၆၂ ဦးကိုလည်းကောင်း ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး ခွဲစိတ်ကုသမှုအဖြစ် အတွင်းတိမ်ခွဲစိတ်မှု (၂၅) ကြိမ်နှင့် အခြားခွဲစိတ်ကုသမှု (၁၀)ကြိမ် စုစုပေါင်း (၃၅)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အထူးကုဆရာဝန်များ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၊ ခရိုင်ပြည်သူ့ဆေးရုံ မောင်တောမြို့ ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံနှင့် ဘူးသီးတောင်မြို့တို့မှ အထူးကုဆရာဝန်များသည် နီးစပ်ရာမြို့နယ်များ၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ အထူးကုဆေးအဖွဲ့သည် ပေါက်တောမြို့၊ ပုဏ္ဏားကျွန်းမြို့၊ စစ်တွေမြို့နယ်-မင်းဂံရပ်ကွက်၊ သင်ပုန်းတန်းကျေးရွာ၊ ကြို့တဲကျေးရွာနှင့် ကြက်ကိုင်းတန်းကျေးရွာများသို့လည်းကောင်း၊ ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့မှ အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့သို့လည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံ မောင်တောမြို့မှ အထူးကုဆေးအဖွဲ့သည် မောင်တောမြို့နယ်ရှိ ကျေးရွာများနှင့် ရသေ့တောင်မြို့နယ်များသို့ လည်းကောင်း၊ ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့မှ အထူးကု ဆရာဝန်များသည် ဘူးသီးတောင် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လည်းကောင်း ကွင်းဆင်းကုသမှု ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၂ ရက်အထိ ဒေသခံပြည်သူ ၉၅၀၀ ဦးအား ဆေးကုသမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(စစ်တွေမြို့)တွင် သူနာပြု-သားဖွားဒီပလိုမာ သင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တတိယနှစ်သင်တန်းကို ဇွန် ၅ ရက်တွင်လည်းကောင်း၊ ဒုတိယနှစ်သင်တန်းကို ဇွန် ၁၉ ရက်တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ တတိယနှစ် သင်တန်းသား သင်တန်းသူ ၂၂၆ ဦးနှင့် ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၁၃၉ ဦး စုစုပေါင်း ၃၆၅ ဦး တက်ရောက်လျက်ရှိပြီး ကျန်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်သည်။

နှလုံးရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ အဆုတ်နှင့်ရင်ခေါင်းရောဂါ၊ အရိုး၊ အကြော/အဆစ်ရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ သွေးရောဂါ၊ အရေပြားရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါနှင့် အထွေထွေရောဂါကု သမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် စစ်တွေမြို့သို့ မကြာမီသွားရောက်၍ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၈၇ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၆-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၉)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၈) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀၈၁၄၄၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၀၂၆၃) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉၀၉၅) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉၄၃၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အအေးပေးနည်းပညာ စဉ်ဆက်မပြတ်တိုးတက်ဖို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ကမ္ဘာ့လူသားများအတွက် အအေးပေးနည်းပညာ**

လူသားများ၏ စီးပွားရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နေ့စဉ်ဘဝ၏ လိုအပ်ချက်များကို အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းနိုင်ရန် နည်းပညာမျိုးစုံကို အသုံးပြုလာကြသည်။ ထိုနည်းပညာများမှာ မိမိသိရှိလိုသော အချက်အလက်များကို Enter တစ်ချက်ခေါက်ရုံမျှဖြင့် မည်သည့်အကြောင်းအရာကိုမဆို ရှာဖွေတွေ့ရှိနိုင်သည့် Google Search Engine၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) ဖြင့် တီထွင်ထားသည့် application များ၊ software စနစ်များ၊ သက်သောင့်သက်သာရှိသော လူနေမှုဘဝအတွက် အအေးပေးနည်းပညာ စသည်တို့ပင်ဖြစ်သည်။

အအေးပေးနည်းပညာသည် လူသားများအတွက် အစားအသောက်နှင့် အဖျော်ယမကာ ထုတ်လုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့် သိမ်းဆည်းခြင်း၊ လူသားများ၏ ဆဲလ်များ၊ သွေးများနှင့် အရေးကြီး အချက်အလက်များကို သိမ်းဆည်းပေးသည့် Tissue Bank, Blood Bank, Data Center များတွင် အဆိုပါ နည်းပညာကို အသုံးပြု၍ သုတေသနပြုလုပ်နိုင်ခြင်း၊ လူသားများ၏ အသက်ကိုကယ်တင်နိုင်ခြင်းနှင့် အရေးကြီး အချက်အလက်များကို မပျောက်ပျက်ဘဲ တည်တံ့အောင် ထိန်းသိမ်းထားနိုင်ခြင်း၊ မိမိလိုအပ်သော နေရာတစ်ခုကို အအေးပေးနည်းပညာ အသုံးပြုထားသော အအေးပေးစက်ပစ္စည်းများဖြင့် အေးမြအောင် ဖန်တီး၍ သက်သောင့်သက်သာရှိသော လူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ခြင်း အစရှိသည့် သုခချမ်းသာများဖြင့် ကမ္ဘာ့လူသားများကို အကျိုးပြုနေပေသည်။

**ကမ္ဘာ့အအေးပေးပစ္စည်းများနေ့**

ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဆိုသည်မှာ အအေးပေးနည်းပညာနှင့် အအေးပေးစက်ပစ္စည်းတို့၏အရေးပါမှုကို သတိပြုမိပြီး အိုဇုန်းလွှာမပျက်စီးစေရန်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုတစ်ခု ဖြစ်သည်။ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ရေခဲသေတ္တာ၊ လေအေးပေးစက်ဆိုင်ရာလုပ်ငန်းများနှင့် ကမ္ဘာတစ်ဝန်းလုံး အအေးပေးပစ္စည်းလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များကို စတင်စေခဲ့သူ "Mr. William Thomson" ခေါ် "Mr. Lord Kelvin" အား အသိအမှတ်ပြုခြင်းအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သည့် ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အဖြစ် ကမ္ဘာ့နိုင်ငံများတွင်




သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ ၂၀၁၉ ခုနှစ်မှစ၍ အဆိုပါနေ့ကို သတ်မှတ်ကျင်းပလာခဲ့သည်။ ယခု ၂၀၂၃ ခုနှစ်တွင်လည်း **"Next Generation Cooling : The future is in our hands" "အအေးပေးနည်းပညာ စဉ်ဆက်မပြတ်တိုးတက်ဖို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်ဖြင့် အထိမ်းအမှတ်အခမ်းအနားနှင့် အသိပညာပေး အစီအစဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ဆောင်ရွက်သွားမည် ဖြစ်သည်။

**အအေးပေးနည်းပညာအမျိုးအစားများ**

ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသည့် အအေးပေးနည်းပညာအမျိုးအစား လေးမျိုးရှိသည်။ ၎င်းတို့မှာ ရေငွေ့ပျံအအေးပေးနည်းပညာ (Evaporative Cooling Technology)၊ စက်စွမ်းအင်ဖြင့် အအေးပေးဒြပ်ပစ္စည်းများကို ဖိအားတစ်ခုတွင် ဖိနှိပ်ပြီး အအေးပေးခြင်း နည်းပညာ (Mechanical–Compression Refrigeration Technology)၊ အအေးပေးဒြပ်ပစ္စည်းများကို အသုံးပြု၍ အခြားကြားခံအရာတစ်ခုမှ အပူစွမ်းအင်ကို ပြောင်းလဲကာ အအေးပေးခြင်း နည်းပညာ (Absorption Technology)၊ အီလက်ထရွန်နစ်စနစ်များတွင် အသုံးပြုသည့် Thermoelectrics Technology တို့ပင်ဖြစ်သည်။ ဖော်ပြပါ နည်းပညာများတွင် စက်စွမ်းအင်ဖြင့် အအေးပေးဒြပ်ပစ္စည်းများကို ဖိအားတစ်ခုတွင်ဖိနှိပ်ပြီး အအေးပေးခြင်း နည်းပညာ (Mechanical–Compression Refrigeration Technology) နှင့် အအေးပေးဒြပ်ပစ္စည်းများကို အသုံးပြု၍ အခြားကြားခံအရာတစ်ခုမှ အပူစွမ်းအင်ကို ပြောင်းလဲကာ အအေးပေးခြင်း နည်းပညာ (Absorption Technology) ကို အသုံးအများဆုံးဖြစ်ပြီး ထိုစနစ်နှစ်ခုလုံးသည် အအေးပေးဒြပ်ပစ္စည်းများကို ထည့်သွင်းအသုံးပြု၍ အအေးပေးခြင်းပုံစံများပင် ဖြစ်သည်။

အအေးပေးနည်းပညာများကို နေ့စဉ်ဘဝတွင် သက်သောင့်သက်သာရှိရန်၊ စီးပွားရေးလုပ်ငန်းများနှင့် စနစ်အမျိုးမျိုးအတွက် တွင်ကျယ်စွာ အသုံးပြုကြပေရာ လူသားများသည် အဆိုပါနည်းပညာများမှ ကောင်းကျိုးများစွာကို လက်ခံရရှိသော်လည်း တစ်ဖက်တွင်လည်း အဆိုပါနည်းပညာများကို အသုံးပြုထားသည့် အအေးပေးစနစ်များ လည်ပတ်နိုင်ရေးအတွက် ထည့်သွင်းအသုံးပြုရမည့် အအေးပေးဒြပ်ပစ္စည်းများကြောင့် လူသားများ၏ ကျန်းမာရေး၊ အိုဇုန်းလွှာနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိနေသည်ကိုလည်း သတိပြုကြရပေမည်။

**အအေးပေးနည်းပညာများကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများ**

အအေးပေးနည်းပညာ အသုံးပြုထားသည့် အအေးပေးစနစ်များ လည်ပတ်နိုင်ရေး ထည့်သွင်းအသုံးပြုရမည့် အအေးပေးဒြပ်ပစ္စည်းများဖြစ်သော ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) အစရှိသည့် ကလိုရင်းကို အခြေခံသော အအေးပေးဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာပျက်စီးမှုကို ဖြစ်စေသည့် Ozone Depleting Substances – ODS များ ဖြစ်ကြသည်။ တစ်ဖန် အဆိုပါ အိုဇုန်းလွှာပျက်စီးမှုကို ဖြစ်စေသည့် Ozone Depleting Substances – ODS များအစား အစားထိုး အသုံးပြုသည့် Alternatives များသည်လည်း ကမ္ဘာ့ပူနွေးမှုအလားအလာကို တိုးမြှင့်နိုင်စွမ်းရှိပေရာ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။ ထို့ပြင် ထိပ်တန်းနည်းပညာများအတွက် အသုံးပြုရသည့် ကမ္ဘာ့လျှပ်စစ်ဓာတ်အား လိုအပ်ချက်များတွင် အအေးပေးနည်းပညာအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် အမြင့်ဆုံးများထဲမှ တစ်ခုဖြစ်နေရာ စွမ်းအင်သုံးစွဲမှုကြောင့် ကာဗွန်ထုတ်လွှတ်မှု ပမာဏသည်လည်း များပြားလာမည် ဖြစ်သောကြောင့် ရာသီဥတုပြောင်းလဲမှုသည် တိုးမြင့်လာမည် ဖြစ်ပေသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံများအထွက်နှုန်းကျဆင်းခြင်း၊ ဂျုံ၊ ပဲကဲ့သို့သော သီးနှံမျိုးစိတ်များတွင် ပရိုတင်းဓာတ်နှင့် သတ္တုဓာတ်လျော့နည်းလာခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ ရောဂါမျိုးစိတ်သစ်များ ထွက်ပေါ်လာခြင်း အစရှိသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးဆိုးများကို တွေ့ကြုံရမည် ဖြစ်ပေသည်။

**အအေးပေးနည်းပညာကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို ကာကွယ်ရန် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ**

အအေးပေးနည်းပညာ အသုံးပြုထားသည့် အအေးပေးစနစ်များ လည်ပတ်နိုင်ရေး ထည့်သွင်းအသုံးပြုရမည့် အအေးပေးဒြပ်ပစ္စည်းများနှင့် အခြားသော အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကြောင့်ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ သဘောတူညီချက်များဖြစ်သည့် ဗီယင်နာကွန်ဗင်းရှင်းမှအစပြု၍ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်များတွင် လက်မှတ်ရေးထိုးပါဝင်ခဲ့ပြီး အိုဇုန်းလွှာပျက်စီးစေသော ဟိုက်ဒရိုဘရိုမိုဖလူရိုကာဗွန် (HBFC) ကို ၁၉၉၆ ခုနှစ်တွင်လည်းကောင်း၊ ဘရိုမိုကလိုရိုမီသိန်း (Bromochloromethane) ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ ဟေလွန်ဂျနိတ်တက် ကလိုရိုဖလူရိုကာဗွန် (Halogenated CFC) ကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟေလွန် (Halon)၊ ကာဗွန်တက်ထရာကလိုရိုဒ် (Carbon Tetrachloride) ကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ မီသိုင်းကလိုရိုဖောင်း (Methyl Chloroform) နှင့် မီသိုင်းဘရိုမိုဒ် (Methyl Bromide)ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း စသည့်ဒြပ်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းသုံးစွဲမှုကို အပြီးသတ်ရပ်ဆိုင်းနိုင်ခဲ့ပြီးဖြစ်သည်။

အလားတူ အိုဇုန်းလွှာပျက်စီးစေသည့် အဓိကအအေးပေးဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC/R–22) သုံးစွဲမှုကိုလည်း ၂၀၄၀ ပြည့်နှစ်တွင် လုံးဝရပ်ဆိုင်းသွားနိုင်ရန် နှစ်အလိုက် လျှော့ချပြီး ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းဒြပ်ပစ္စည်းအများဆုံးအသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ အောက်အင်အားရှိ အိမ်သုံးလေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်မှ စတင်တားမြစ်သောအမိန့်ကို ၂၀၂၀ ပြည့်နှစ် မေ ၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အလားတူဒြပ်ပစ္စည်းများ အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အထက် အင်အားကြီး စက်ပစ္စည်းများ တင်သွင်းသုံးစွဲမှုကို ဆက်လက်ကန့်သတ်သွားရန်လည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) အပါအဝင် အိုဇုန်းလွှာပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများအစား အစားထိုး အသုံးပြုလာသော ဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုဖလူရိုကာဗွန်– HFC ဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာ ပျက်စီးမှုမရှိသော်လည်း ကမ္ဘာ့ပူနွေးမှုအလားအလာ (Global Warming Potential–GWP) မြင့်သောကြောင့် ယင်းဒြပ်ပစ္စည်းများ သုံးစွဲမှုကိုလည်း လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကီဂါလီပြင်ဆင်ချက်တွင်လည်း မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ ကီဂါလီပြင်ဆင်ချက်ကို အသိအမှတ်ပြု သဘောတူလက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးပါက ၂၀၂၄ ခုနှစ်မှစ၍ ဟိုက်ဒရိုဖလူရိုကာဗွန်– HFC တင်သွင်းအသုံးပြုမှုကို ထိန်းချုပ်ကန့်သတ်သွားမည်ဖြစ်သည်။

**"အနာဂတ်တွင် အဆိုပါနည်းပညာကို ဆက်လက်အသုံးပြုသွားနိုင်ရန် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးနိုင်သည့်** Green Cooling Technology **ကို အသုံးပြုထားသော အအေးပေးစက်ပစ္စည်းများကို သုံးစွဲခြင်း၊ အအေးပေးနည်းပညာနှင့်ဆက်စပ်နေသည့် လုပ်ငန်းများတွင် ဆောင်ရွက်နေသည့် ပညာရှင်များမှာ ပတ်ဝန်းကျင်နှင့် အိုဇုန်းလွှာကို မပျက်စီးစေရန် အသိပညာရှိသည့် လုပ်သားများဖြစ်ခြင်းတို့လိုအပ်ပြီး ပြည်သူများနှင့် အအေးပေးနည်းပညာ လုပ်ငန်းရှင်များတွင်လည်း အအေးပေးနည်းပညာအသုံးပြုခြင်းနှင့်အတူ မိမိတို့၏လုပ်ရပ်ကြောင့် အအေးပေးနည်းပညာ၏အနာဂတ် မတိမ်ကောစေရေးအတွက် အသိပညာရှိလာစေရန် သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်"**

စာမျက်နှာ ၁၂ သို့



## အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(အင်းစိန်မြို့နယ်)၊ ခရိုင်ပြန်ကြားရေးနှင် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်သည့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေး ဓာတ်ပုံ၊ စာအုပ်ပြပွဲ နှင့် ဟောပြောပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အင်းစိန် အထက(၆)ရှိ ပညာတံခွန်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အငြိမ်းစား) ဝဏ္ဏကျော်ထင် ရဲချုပ်စိုးဝင်း နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဆန်းယုတို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) အတွင်းရေးမှူး တရား လွှတ်တော်ရှေ့နေ ဦးမြင့်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ် သတိပြု ဖွယ်အကြောင်း၊ ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအကြောင်း၊ လက်ထောက်ပညာရေးမှူး ဦးမျိုးသက်အောင်က ကျောင်းသား လူငယ် များနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး လက်ထောက်ဦးစီးအရာရှိ ဒေါ်ခင်ဌေးဝင်း က မူးယစ်ဆေးဝါးသုံးစွဲသူများ ကုသရေးဆောင်ရွက်ချက်များအကြောင်း၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်သဇင်စုစုဝင်းက မြန်မာနိုင်ငံ မူးယစ် ဆေးဝါးမှုခင်းများနှင့် ပြစ်မှု/ပြစ်ဒဏ်များအကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးတင်စိုးက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး မှုခင်းများအကြောင်းနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြို့နယ် အတွင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆောင်ရွက်ချက်များကို ပြောကြား သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး စာအုပ်၊ စာစောင်၊ ဓာတ်ပုံမှတ်တမ်းများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း

## လမ်းမတော်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေးနေ့အထိမ်းအမှတ် အသိပညာ ပေးဟောပြောပွဲနှင့် နံရံကပ် စာစောင်ပြပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်း ကျောင်း မြမာလာခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် လမ်းမတော် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဦးအောင်ဇော်ထွေးက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ သိရှိ လိုက်နာသင့်သည့် အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုး များ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက် သော အကြောင်းအရာများ၊



ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုး များ၊ ကွမ်းစားခြင်း၏ဆိုးကျိုး များကို ရှင်းလင်းပြောကြားရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင် မမချို က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံ မှတ်တမ်းများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်စား စွာ ကြည့်ရှုကြကြောင်း သိရ သည်။

ကျော်ဆန်းမြင့်

## သီပေါမြို့၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေး

သီပေါ ဇွန် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီ က ကျင်းပသည်။

ဆွေးနွေးပွဲ၌ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းက အဖွင့်အမှာစကားပြောကြားပြီး ကျောက်မဲခရိုင် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးတပ်ဖွဲ့စိတ်(၂)မှ ဒုရဲမှူးအောင်စိုးမိုးက လူကုန်ကူးမှုနှင့် ပတ်သက်၍ ဥပဒေအကြောင်းအရာများနှင့် ပြစ်မှု/ပြစ်ဒဏ်များ၊ သီပေါ မြို့မ ရဲစခန်းမှူး ဒုရဲမှူးရဲဝင့်စိုးက မှုခင်းကျဆင်းရေးနှင့် အသိပညာပေး ခြင်းနှင့် ဒုရဲအုပ်ထွန်းဝင်းစိုးက မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်း များ ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

၂၁၀



## မိုးညှင်းမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကျင်းပ

မိုးညှင်း ဇွန် ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ နှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နောင်စွန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နောင်စွန်း မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအေးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များ၊ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိလာမည့် ဆိုးကျိုးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး



ဌာနမှခင်းကျင်းပြသသည့် သုတ၊ ရသစာအုပ်စာစောင်များနှင့် မူးယစ် ဆေးဝါးအန္တရာယ်အသိပညာပေး၊ သဘာဝဘေးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စား စွာ လေ့လာကြည့်ရှုကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

● စာမျက်နှာ ၁၁ မှ

### အအေးပေးနည်းပညာ၏အနာဂတ်

အအေးပေးနည်းပညာများသည် ဘဝနေထိုင်မှု အတွက် မရှိမဖြစ် အရေးပါလှသော်လည်း ဆိုးကျိုး များလည်းရှိသောကြောင့် ရေရှည်စဉ်ဆက်မပြတ် အသုံးပြုရန်မှာ မေးခွန်းထုတ်စရာ ဖြစ်လာသည်။ အနာဂတ်တွင် အဆိုပါနည်းပညာကို ဆက်လက် အသုံးပြုသွားနိုင်ရန် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေး နိုင်သည့် Green Cooling Technology ကို အသုံးပြုထားသော အအေးပေးစက်ပစ္စည်းများကို သုံးစွဲခြင်း၊ အအေးပေးနည်းပညာနှင့်ဆက်စပ်နေ သည့် လုပ်ငန်းများတွင် ဆောင်ရွက်နေသည့် ပညာ ရှင်များမှာ ပတ်ဝန်းကျင်နှင့် အိုဇုန်းလွှာကို မပျက်စီး စေရန် အသိပညာရှိသည့် လုပ်သားများဖြစ်ခြင်းတို့ လိုအပ်ပြီး ပြည်သူများနှင့် အအေးပေးနည်းပညာ လုပ်ငန်းရှင်များတွင်လည်း အအေးပေးနည်းပညာ အသုံးပြုခြင်းနှင့်အတူ မိမိတို့၏လုပ်ရပ်ကြောင့် အအေးပေးနည်းပညာ၏အနာဂတ် မတိမ်ကော စေရေးအတွက် အသိပညာရှိလာစေရန် သက်ဆိုင် ရာ အစိုးရဌာနများအနေဖြင့် အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ် သည်။


### အအေးပေးနည်းပညာ စဉ်ဆက်မပြတ်တိုးတက်ဖို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့

အအေးပေးနည်းပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ပြီး အနာဂတ်မတိမ်ကောမှသာ ထိုကဏ္ဍ တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ အနာဂတ်ပါ ခိုင်မာစေမည်ဖြစ်သည်။ အစိုးရအနေ ဖြင့်လည်း အအေးပေးနည်းပညာဆိုင်ရာ ကဏ္ဍနှင့် ပတ်သက်၍ လုပ်ငန်းရှင်များနှင့် ပညာရှင်များကို အသစ်အသစ်သော အအေးပေးနည်းပညာများကို တီထွင်ကြံဆနိုင်ရန် ရည်ရွယ်လျက် လုပ်ငန်းရှင်များ နှင့် ပညာရှင်များကို အားပေးခြင်း၊ ကူညီခြင်း၊ စွမ်းအင်ခြိုးခြံချွေတာနိုင်ပြီး Environmental Friendly ဖြစ်သော အအေးပေးနည်းပညာများ အသုံးပြုထားသည့် အအေးပေးစက်ပစ္စည်းများနှင့် ဒြပ်ပစ္စည်းများကိုသာ လုပ်ငန်းရှင်များက ရောင်းချ ခြင်းနှင့် ပြည်သူလူထုက ဝယ်ယူခြင်း စသည်များကို လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြမှသာ ခိုင်မာ သော အနာဂတ်ရှိသည့် အအေးပေးနည်းပညာ အသုံးပြုထားသော ကမ္ဘာကြီးတွင် လူသားများ ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ကြောင်း နှိုးဆော် တိုက်တွန်းဖော်ပြအပ်ပါသည်။ ။

**ကိုးကား-**

(၁) https://celsiuscity.eu/impact-of-refri-geration- systems- technology -on-climate/
(၂) https://en.wikipedia.org/wiki/Category:Cooling-technology
(၃) https://www.cafcoservices.com/blog/hvac/4-types-of-refrigeration-systems/
(၄) ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်ပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာပါ ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ဆိုင်ရာ ဆောင်းပါး

# တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာကြီးအတွက် အခွင့်အလမ်းများဆောင်ကြဉ်းလာဟု တရုတ်ဝန်ကြီးချုပ်ပြောကြား



**ပေကျင်း ဇွန် ၂၃**

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာကြီးအတွက်အခွင့်အလမ်းများကို ဆောင်ကြဉ်းလာကြောင်းနှင့် စက်မှုလုပ်ငန်းများ၏ ထောက်ပံ့ရေးလမ်းကြောင်းများကို အထောက်အကူပြုခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက ယနေ့ပြောကြားသည်။

ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံနှင့် ညီမျှစွာ ပူးပေါင်းဆောင်ရွက်ပြီး တရုတ်-ဥရောပသမဂ္ဂ ဆက်ဆံရေးကို လက်တွေ့ကျကျ မြှင့်တင်သွားမည်ဟု မိမိယူဆကြောင်း ဥရောပကောင်စီ၏အကြီးအကဲ ချားမိုက်ကယ်နှင့်တွေ့ဆုံစဉ် လီချန်းက မှတ်ချက်ပြုသည်။

ယခုနှစ်သည် တရုတ်-ဥရောပသမဂ္ဂအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး တည်ထောင်ခြင်း နှစ် ၂၀ ပြည့်နှစ်ဖြစ်ကြောင်းနှင့် တရုတ်-ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေး အောင်မြင်ပြီး အစိမ်းရောင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်အတွက် တရုတ်နိုင်ငံက ဥရောပသမဂ္ဂနှင့် လက်တွဲရန် အသင့်ရှိကြောင်း လီချန်းက ပြောကြားခဲ့သည်။

တရုတ်-ဥရောပသမဂ္ဂ စီးပွားရေးနှင့် ကုန်သွယ်မှုကို မြှင့်တင်ရန်နှင့် အပြန်အလှန် အကျိုးအမြတ်နှင့် ရလဒ်ကောင်းများရရှိရန်အတွက် ဥရောပသမဂ္ဂနှင့် ပူးပေါင်းကြိုးပမ်းရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်း လီက မှတ်ချက်ပြုသည်။

ဥရောပသမဂ္ဂသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လိုက်နာပြီး တရုတ်နိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်ရန်၊ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန်၊ ရာသီဥတု၊ ကျန်းမာရေးနှင့် အခြားနယ်ပယ်များတွင် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စများကို အတူတကွ ဖြေရှင်းပြီး ဘက်စုံကမ္ဘာကြီးကို တည်ဆောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချားမိုက်ကယ်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံ၌ အိုကီနာဝါတိုက်ပွဲ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ




**တိုကျို ဇွန် ၂၃**

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါ စီရင်စုရှိ ဒေသခံများက အိုကီနာဝါတိုက်ပွဲ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းတိုက်ပွဲသည် ၁၉၄၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ဂျပန်ဧကရာဇ် တပ်မတော်နှင့် အမေရိကန်တပ်ဖွဲ့များကြား ဖြစ်ပွားသည့် တိုက်ပွဲဖြစ်ပြီး တပ်သား ၂၀၀၀၀၀ ကျော် ကျဆုံးခဲ့သည်။

အဆိုပါ တိုက်ပွဲတွင် ကျဆုံးခဲ့သည့် တပ်သားများအတွက် အမှတ်တရဆုတောင်းပွဲကို ဂျပန်နိုင်ငံ အိုက်တိုမန်မြို့ရှိ ငြိမ်းချမ်းရေး အမှတ်တရပန်းခြံတွင် ယနေ့ ကျင်းပခဲ့သည်။ ကျွန်ုပ်တို့သည် ယခုအချိန်တွင် ပေါင်းစည်းညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဆုတောင်းပွဲ ကျင်းပခြင်းဖြစ်ကာ စစ်ပွဲ၏ နာကြည်းဖွယ်ရာများကို နောင်လာ နောက်သားများ သင်ခန်းစာယူစေရန် ယခုကဲ့သို့ အမှတ်တရဆုတောင်းပွဲ ကျင်းပခြင်းဖြစ်ကြောင်း အိုကီနာဝါဒေသ အုပ်ချုပ်ရေးမှူး တမာကီဒန်နီက ပြောကြားသည်။

မိမိတို့ ယနေ့ရရှိသည့် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို အတိတ်ကာလမှ စစ်ဘေးဒုက္ခသည်များနှင့် အိုကီနာဝါဒေသခံများ၏ စွန့်လွှတ်စွန့်စားမှုများဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ယင်းတိုက်ပွဲကဲ့သို့ စစ်ပွဲများ အနာဂတ်ကာလတွင် ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက မှတ်ချက်ပြုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ခရီးသည်နှင့် ကုန်စည်ဆိပ်ကမ်းဖွင့်လှစ်

**ဖနောင်ပင် ဇွန် ၂၃**

ကမ္ဘောဒီးယားနိုင်ငံ ကိုကောင်ပြည်နယ်၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ သန်းတန်ဖိုးရှိ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိပ်ကမ်းကို ယနေ့ဖွင့်လှစ်ခဲ့ကြောင်း ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုဖွင့်လှစ်ခဲ့သည့် ဒန်တောင်ဆိပ်ကမ်းသည် ခမာရက်ဖူမင်မြို့တွင်တည်ရှိပြီး တန်ချိန် ၂၀၀၀ ရှိသည့် သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်ကြောင်း ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး ဆန်ချန်သော်က ပြောကြားသည်။

အဆိုပါ ဆိပ်ကမ်းသည် ၁၆ ဒသမ ၅ မီတာ ကျယ်ဝန်းပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကိုမြှင့်တင်ရန် အထောက်အကူဖြစ်စေမည်ဟု ၎င်းက ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်လေးခုအနက်မှ တစ်ခုဖြစ်ကာ ယခုနှစ်အတွင်း နိုင်ငံတကာခရီးသွား ၄ ဒသမ ၆ သန်းနှင့် ၂၀၂၅ ခုနှစ်အရောက်တွင် ခရီးသွား ခုနစ်သန်းအထိ ဆွဲဆောင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**




# နီပေါနိုင်ငံ၌ ဝီချက်ပေးဝန်ဆောင်မှု စတင်ဆောင်ရွက်

**ခတ္တမန္ဒူ ဇွန် ၂၃**

ဝီချက်ပေးဟုအမည်ရသည့် မိုဘိုင်း ငွေကြေးဝန်ဆောင်မှုကို နီပေါနိုင်ငံ ပိုကာရာမြို့၌ ယနေ့စတင်ဝန်ဆောင်မှု ပေးခဲ့ကြောင်း သိရသည်။

**နယ်စပ်ဖြတ်ကျော် ကုန်ပစ္စည်းရောင်းဝယ်မှုများအတွက် အဆင်ပြေ**

အဆိုပါ ဝန်ဆောင်မှုအား တရုတ်နိုင်ငံမှ Tencent နည်းပညာလုပ်ငန်းနှင့် နီပေါနိုင်ငံ NMB ဘဏ်လီမိတက်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ယခုဆောင်ရွက်သည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုသည် နယ်စပ်ဖြတ်ကျော် ကုန်ပစ္စည်းရောင်းဝယ်မှုများအတွက်အဆင်ပြေပြီး နီပေါနိုင်ငံရှိ တရုတ်နိုင်ငံသားများအတွက် အကျိုးရှိကြောင်း နီပေါနိုင်ငံ ရက်ထရာဘဏ်မှ ညွှန်ကြားရေးမှူး ဂုရုပရာဆက်ပေါ်ဒယ်က ပြောကြားသည်။

ယခုအချိန်သည် နီပေါနိုင်ငံ၌ ဝီချက်ပေး ဝန်ဆောင်မှုကို စတင်ဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်ဟု နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဆောင်ကမှတ်ချက်ပြုသည်။

တရုတ်နိုင်ငံသားများ ပြည်ပသွားရောက်မှု များပြားလာခြင်းနှင့်အတူ နီပေါနိုင်ငံတွင် တရုတ်ခရီးသွားဈေးကွက် ဖြစ်လာကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ရဝမ်ဒါနိုင်ငံ မြို့တော်ကီဂါလီ၌ လျှပ်စစ်ကားပြေးဆွဲမည်




**ကီဂါလီ ဇွန် ၂၃**

ရဝမ်ဒါအစိုးရသည် နိုင်ငံ၏ မြို့တော် ကီဂါလီတွင်လျှပ်စစ်ကားပြေးဆွဲရေးအတွက် အာဖရိကဒေသ၏ လောင်စာဆီဖြန့်ဖြူးရေး ကုမ္ပဏီ ဗီဗိုအင်နာဂျီနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာတူညီချက်အရ ဗီဗိုအင်နာဂျီက လျှပ်စစ်ကားအစီး ၂၀၀ ကျော်ကို ကီဂါလီမြို့တွင် သုံးစွဲရေးအတွက် ထောက်ပံ့ပေးမည်ဖြစ်သည်။

ရဝမ်ဒါနိုင်ငံမြို့တော်ကီဂါလီတွင် လျှပ်စစ်ကားပြေးဆွဲရေးအတွက် လုပ်ငန်းခန့်မှန်းခြင်းကို ဗီဗိုအင်နာဂျီနှင့် အခြေခံအဆောက်အအုံဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ ကီဂါလီတွင် လျှပ်စစ်ကားများ ပြေးဆွဲခြင်းသည် မြို့တော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ခြင်းဖြစ်ကြောင်း ရဝမ်ဒါ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ တာဝန်ရှိသူ ကလယ်ရီ အကန်မန်ဇီက ပြောကြားသည်။ ကီဂါလီတွင် လျှပ်စစ်ကားများ ပြေးဆွဲခြင်းဖြင့် မြို့တော်အတွင်း ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကို အကူအညီပေးကြောင်း ဗီဗိုအင်နာဂျီမှ တာဝန်ရှိသူ ဟန်စ်ပေါလ်ဆင်က မှတ်ချက်ပြုသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# မိုးနဲမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

မိုးနဲ ဇွန် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက မူးယစ်ဆေးဝါး အဓိပ္ပာယ်၊ မူးယစ်ဆေးအမျိုးအစားများ၊ မူးယစ်ဆေးဝါး ဆိုးကျိုးများနှင့် အနာဂတ်မျိုးဆက်သစ် လူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး၊ အသိပညာဗဟုသုတများ တိုးပွားလာစေရေးတို့အတွက် ယခုလို ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီပြိုင်ပွဲကို ကျင်းပရာ ကျောင်းသားကျောင်းသူ ၁၁ ဦးတို့က မူးယစ်ဟူက တိုက်ဖျက်ကြ ခေါင်းစဉ်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ခင်းကျင်းပြသထားသော စာအုပ်/စာစောင်များ၊ ချိတ်ဆွဲပြသထားသော မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဝိုးတောင်း

# မိတ္ထီလာနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိတ္ထီလာမြို့နယ် မြကန်ကျေးရွာအနီးတွင် စိုင်းမင်းသောင်း(ခ)ကိုစိုင်း မောင်းနှင်ပြီး မယုဇနသွင်(ခ)မီးငယ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

ဇွန် ၂၀ ရက် ည ၁၁ နာရီတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သိန်းဖေ(ခ)ဇော်ထွန်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား



စိုင်းမင်းသောင်း(ခ)ကိုစိုင်း နှင့် မယုဇနသွင်(ခ)မီးငယ် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က ဗန်းမော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးအား စိစစ်ရာ အကောက်ခွန်မဲ့ပစ္စည်းများ တွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Electric Spray ၁၈၅ ခု အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၄၂၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Child Footwear အရန် ၁၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် HDPE Plastic Sheet ကီလိုဂရမ် ၇၀၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၂၅၀၈၀၀)ကို လည်းကောင်း၊ ထီးတန်း ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Duolist Automotive Paint ကီလိုဂရမ် ၁၂၀၀ အပါအဝင် Item သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၃၅၀၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တမူးမြို့နယ်၌ လိုင်စင်မဲ့ Pleasure 110 ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကိုလည်းကောင်း၊ ဟုမ္မလင်းမြို့နယ်၌ YAMAHA 125 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)၊ KENBO 125 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)၊ CANDA 125 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)နှင့် သရီးကရောင်း ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၅၇၄၈၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P)သည် ရွှေစီမံကိန်း ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 & A-3 ဧရိယာတွင် Environmental Monitoring Seawater Sampling Survey လုပ်ငန်းများအား M.V JENNY ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၅ မိနစ် ၁၉.၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၆ မိနစ် ၅၃.၆၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၅ မိနစ် ၂၁.၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၆ မိနစ် ၅၀.၆၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၃ မိနစ် ၃၈.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၅၄.၈၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၃ မိနစ် ၅၀.၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၇ မိနစ် ၃၄.၈၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်း ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 & A-3 ဧရိယာတွင် Environmental Monitoring Seawater Sampling Survey လုပ်ငန်းများအား M.V JENNY ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန



# ထန်းတပင်မြို့နယ်၌ မိုးရာသီတိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မိုးရာသီ တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ကတွယ်ကျေးရွာရှိ နွားမွေးမြူရေးတောင်သူ ဦးကျော်လှ၏ မြေနေရာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ သက်နိုင်ဦးက တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် မိရိုးဖလာ လွတ်ကျောင်းစနစ်မှ ရိတ်ကျွေးစနစ် ဖွံ့ဖြိုးလာစေမည်ဖြစ်ပြီး အာဟာရတန်ဖိုးမြင့်မားသောမြက်မျိုးများ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်များ ကြီးထွားနှုန်းမြင့်မားလာကာ ထုတ်လုပ်မှုများကောင်းမွန်ခြင်း၊ အစာဖိုးကုန်ကျစရိတ်များ သက်သာခြင်းတို့ကြောင့် မွေးမြူသူများအနေဖြင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးမှု အလေ့အထများ ရှိလာစေမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောသည်။

မြို့နယ်(ပြန်/ဆက်)

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဇွန် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**လွှဲပြောင်းပေးအပ်**

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံ




အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ PDF အဖွဲ့ဝင်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ၎င်းတို့နှင့် အတူပါလာသည့် ပစ္စတိုသေနတ် နှစ်လက်ကို အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူ၍ ပစ္စတိုနှစ်လက်အတွက် ဆုကြေးငွေ သိန်းလေးဆယ်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



# အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

အုတ်ဖို ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ အုတ်ဖိုမြို့ မြို့မ(၁)လမ်း မြို့မဈေးအနီးတွင် အများပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် စားသုံးနိုင်ရန် အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းကို ဇွန် ၂၂ ရက်မှ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဈေးရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးဖြိုးမင်းဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးဖြိုးဝေအောင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ ပူးပေါင်း၍ ကြက်သား၊ ငါး ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များရောင်းချပေးလျက်ရှိရာ မြို့နယ်တွင်းရှိ ဒေသခံပြည်သူများက လာရောက်ဝယ်ယူ အားပေးလျက်ရှိပြီး အလှည့်ကျဝန်ထမ်းများနှင့် ရပ်/ကျေးအဖွဲ့များက နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ကြံခင်းမြို့နယ်၌ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းဆောင်ရွက်

ကြံခင်း ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်အဖြစ် တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရှောက်ခုံကျေးရွာအုပ်စု တောင်ပုံကြီးလမ်းဘေးနှင့် ကလို့ကွင်းအုပ်စု စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဝင်းအတွင်း စိုက်ပျိုးကြသည်။

အဆိုပါတိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းကိုနှင့် ဝန်ထမ်းများ၊ စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးမင်းနှင့် ကျောင်းသား/သူများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက စုပေါင်းစိုက်ပျိုးကြသည်။ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းဖြင့် အာဟာရပြည့်ဝသော တိရစ္ဆာန်အစာထုတ်လုပ်ရန်၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း အလေ့အကျင့်များရရှိစေရန်၊ လွတ်ကျောင်းစနစ်မှ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် ခြံလှောင်စနစ်သို့ မွေးမြူခြင်းအလေ့အကျင့်ရရှိစေရန်ရည်ရွယ်၍စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် အတန်းလိုက်စပါးကြဲသည့်နည်းစနစ်ပြပွဲ ကျင်းပ

ရွှေကျင် ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စပါးမျိုးစေ့ချကိရိယာဖြင့် အတန်းလိုက်စပါးကြဲသည့် နည်းစနစ်ပြပွဲကို ယနေ့ နံနက် ၈ နာရီက တောင်ဘက်ကျေးရွာရှိ တောင်သူ ဦးသက်မောင်မောင်လင်း၊ ဦးစိုးဝင်းနှင့် ဒေါ်မာမာထွေးတို့၏ တစ်ကွင်းတစ်စပ်တည်း ၁၅ ဧက စပါးခင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူက ရွှေကျင်မြို့နယ်တွင် စပါးအထွက်နှုန်းတိုးတက်ရရှိပြီး တောင်သူဝင်ငွေတိုးစေရန်အတွက် စပါးအထွက်နှုန်းလျော့နည်းစေသော ကြဲခင်းစိုက်နည်းစနစ်ကိုလျှော့ချကာ စပါးအထွက်နှုန်းနှင့် စပါးအရည်အသွေးပါကောင်းမွန်စေသော စပါးမျိုးစေ့ချကိရိယာဖြင့် အတန်းလိုက်စပါးကြဲသည့်စနစ်ကို တောင်သူများလိုက်ပါဆောင်ရွက်နိုင်ရန် ရှင်းလင်း



ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွေးနှင့် ကွင်းဝန်ထမ်းများက စိုက်ပျိုးနည်းစနစ်နှင့် အပင်ပြုစုစောင့်ရှောက်ပုံအဆင့်ဆင့်၊ အရည်အသွေးကောင်းပြီး သီးနှံအထွက်တိုးစေရန် လိုက်နာရမည့် သီးနှံကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဆင့်ဆင့်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

# အုတ်ဖိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

အုတ်ဖို ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဇွန် ၂၁ ရက်မှ စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် အုတ်ဖိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးကြိမ်မြောက် ထိုးနှံပြီးသော အခြေခံပညာကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်မြောက် ထိုးနှံခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်မျှမထိုးနှံရသေးသော အသက်(၅)နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်အဖြစ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ မြမြခိုင်သည် ၎င်းအသုံးပြုသည့် “Mya Mya Khaing” Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကတွန်ကျေးရွာနေ ယွန်းဖြူဖြူခိုင်သည် ၎င်းအသုံးပြုသည့် “ Yoon Phyu Phyu Khaing” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သောင်းကြီးလေးကျေးရွာနေ သက်ဆွေဦး(ခ) ရာဇာကြီးသည် ၎င်းအသုံးပြုသည့် “Yar Zar Gyi” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးအဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု၊ Cyclone Shelter ဆောက်လုပ်ထားရှိမှုနှင့် ဆောက်လုပ်ရန်သင့်တော်သည့် မြေနေရာရွေးချယ်ရေး၊ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် တောင်ရပ်ကွက်ရှိ မြစိမ်းရောင် ဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တအရိယဝံသအား သွားရောက်ဖူးမြော်ပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် Gas မီးဖိုများ လှူဒါန်းသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ATOM တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာသုံးရွာတို့ မှ ဒေသခံ ပြည်သူများအတွက် ATOM နှင့် We Love Rakhine အဖွဲ့တို့က ဆန်၊ စားသောက်ဖွယ်ရာများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အားပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်း ပြန်လည်တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဒေသအတွင်းရှိ ရေလုပ်ငန်းရှင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးပြောကြားပြီး ရေလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၃

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သဲချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် သောက်ရေသန့်များ လှူဒါန်းပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အမှတ်(၄)ရပ်ကွက်၌ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ မြက်ပင်၊ ပေါင်းပင်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ရှိ အောင်မြေဘုန်းတော်ကြီးကျောင်း၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၇၀၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၆၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၅ | ၂၀၇၅ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၃၀ | ၂၂၄၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၆ | ၁၉၁၇ |
| 95 Ron | ၁၉၄၄ | ၂၀၁၇ |
| HSD (500 ppm) | ၁၈၂၃ | ၁၈၈၉ |
| HSD (50 ppm) | ၁၈၉၇ | ၁၉၆၄ |
| HSD (10 ppm) | ၁၈၉၇ | ၁၉၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရော်ဘာနှင့်ပတ်သက်သည့်တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ရော်ဘာလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

**ဘားအံ ဇွန် ၂၃**

ရော်ဘာနှင့်ပတ်သက်သည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်နယ်အတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းတွင် ရော်ဘာကို စိုက်ပျိုးလုပ်ကိုင်ကြပြီး ဒေသထွက် ရော်ဘာကုန်ကြမ်းများကိုအခြေခံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်အရင်းအနှီးများကို သက်သာသောအတိုးနှုန်းများဖြင့် နိုင်ငံတော်က MSMEs ချေးငွေများ ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်ထားပြီး ရော်ဘာကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည့်အတွက် တက်ရောက်လာသော ရော်ဘာလုပ်ငန်းရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသထွက်ကုန် ရော်ဘာအား တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ရော်ဘာလုပ်ငန်းရှင်များက ပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ သွင်းအားစုများ ဈေးနှုန်းသက်သာစွာရရှိနိုင်ရေး၊ ရော်ဘာအရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။



ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက ၂၆၀၀၀၀ ကျော်ရှိပြီး ၈၀ ရာခိုင်နှုန်းမှာ အစေးခြစ်လျက်ရှိရာ တစ်ရက်လျှင် ရော်ဘာစေးတန်ချိန် ၁၀၀၀ ခန့် ရောင်းဝယ်ဖောက်ကားလျက်ရှိကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး တောင်သူများစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသင်း၏ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ကုန်ဈေးနှုန်းများကျဆင်းရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး အလေးအနက်ထားဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ဒေသဆိုင်ရာစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် MRCCI အသင်း၏ကဏ္ဍမှာ များစွာအရေးကြီးကြောင်း၊ အသင်း၏ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်များကပါလက်ခံနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲနေသည့် နည်းပညာများနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီးပွားရေးကျင့်ဝတ်နှင့်အညီ ရေရှည်ကူးသန်းရောင်းဝယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစနစ်ကို ဦးတည်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ ဦးဝင်းဌေးက အသင်း၏ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများ၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသင်းသားဦးရေ ၃၆၀၀ ကျော်၊ လုပ်ငန်းကော်မတီ ၁၃ ခု၊ ညီနောင်အသင်း ၄၅ သင်း၊ မိတ်ဖက်အသင်းသုံးသင်းရှိပြီး စီးပွားရေးနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားတက်သရောပါဝင်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ကုန်သွယ်ရေး၊ စီးပွားရေးအပြန်အလှန်ဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးပြီးနောက် MRCCIမှတာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခြေအနေများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MRCCI မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြ အကြံပြုဆွေးနွေးချက်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ၂၀၂၃ မှ**

ညနေပိုင်းတွင်လည်း ပညာရေးဝန်ကြီးဌာန(ခ)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပြိုင်ပွဲပြီးဆုံးသည်။

ယနေ့ ယှဉ်ပြိုင်ကစားကြသည့် ပွဲစဉ်များသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအေးထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ လာရောက်အားပေးကြည့်ရှုကြသည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား အားကစားသမားများကို ရွေးချယ်လေ့ကျင့်၍ ၂၀၂၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ (ASEAN University Games–AUG) အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သွားစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ မြဝတီအသင်းမှ**

နှစ်သင်းစလုံး နိုင်ပွဲရယူနိုင်ရန် အားထည့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များအပြန်အလှန်ရသော်လည်း ပထမပိုင်းပြီးခါနီးမှ ဂိုးများရရှိခဲ့သည်။ ၄၃ မိနစ်တွင် မြဝတီနောက်ခံလူ ဝေယံဦးအမှားမှတစ်ဆင့် သက်နိုင်ရသွားပြီး ဂိုးသမားကိုလိမ်ကာ ကန်သွင်းခဲ့သဖြင့် မဟာယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့သည်။ မဟာယူနိုက်တက်အသင်း၏ ဦးဆောင်မှုမှာ တစ်မိနစ်သာကြာခဲ့ပြီး ၄၄ မိနစ်တွင် သက်ဝေမိုးက မြဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြဝတီအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၇၄ မိနစ်တွင် နိုင်ဇင်ထက်က ဒုတိယဂိုးသွင်းယူခဲ့ကာ အနိုင်သေချာစေမည့် တတိယဂိုးကိုမူ ၈၃ မိနစ်တွင် ဟိန်းဇေယျာမင်းက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့က ကိုးပွဲကစားရမှတ် ၁၁ မှတ်စီ ရရှိခဲ့သည်။

ပွဲစဉ် (၉) စတုတ္ထနေ့အဖြစ် ဇွန် ၂၄ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ရှိုင်းထက်ဇော် ဓာတ်ပုံ–MNL

# ဖျာပုံမြို့၌ ကုန်စည်ပြပွဲနှင့် မိုးရာသီဈေးရောင်းပွဲ ကျင်းပ

**ဖျာပုံ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိမြို့နယ်များအလိုက် ဒေသထုတ်ကုန်များ (MSMEs) ကုန်စည်ပြပွဲနှင့် မိုးရာသီအထူးဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမရှေ့၌ ကျင်းပသည်။

အဆိုပါ ကုန်စည်ပြပွဲအခမ်းအနားအား ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ခရိုင်ဒေသတွင်း (MSMEs) ထုတ်ကုန်များ ကုန်စည်ပြပွဲနှင့်မိုးရာသီအထူးဈေးရောင်းပွဲကို ဇွန် ၂၂ ရက်မှ ၂၆ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူများလာရောက်ကြည့်ရှုဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။ **သပြေထွန်း**

# ဒိုက်ဦးမြို့နယ်၌ ဆန်နှင့်စားသောက်ကုန်ပစ္စည်းများအား သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိ

**ဒိုက်ဦး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိစားသုံးသူပြည်သူများအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခြင်းကို မြို့မဈေးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန်နှင့်စားသောက်ကုန်ပစ္စည်းများဖြစ်သော ဝက်သား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည့် စားသောက်ကုန်များရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်ဆန်းဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကြီး ဇွန် ၂၃

ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေများကို အကျိုးရှိရှိအသုံးချရန်၊ လုပ်မြေများ မကျန်ရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊ မြေအသုံးချခွင့်ပြုချထားခြင်းနှင့်ပတ်သက်၍ အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်သွားရန်၊ စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသည့် စပါးမျိုးကောင်းမျိုးသန့်များဖြင့် ရွေးချယ်စိုက်ပျိုးပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ တိရစ္ဆာန်မွေးမြူရေးကို စနစ်တကျ အောင်မြင်အောင် မွေးမြူပြီး ထွက်ရှိလာသည့် အသားများကို အေးခဲအသားပြုလုပ်၍ ပြည်တွင်းဈေးကွက်အပြင် ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်းရရှိရေး သွင်းအားစု၊ အရင်းအနှီးနှင့်လူသားအရင်းအမြစ် စသည့်အချက်လေးချက်ဖြင့် ပြည့်စုံစေရေးဆောင်ရွက်ရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ ရှမ်း(ရှေ့/မြောက်)ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို တင်ပြဆွေးနွေးကြပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများကလည်း ဆွေးနွေးတင်ပြ၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လိုအပ်သည်များ ပြန်လည်ဖြည့်စွက် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ပေါက်ခေါင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

ပေါက်ခေါင်း ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော အသက်ငါးနှစ်အထက်ကာကွယ်ဆေးတစ်ကြိမ်မှ မထိုးရသေးသော ကလေးများနှင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေး (ဒုတိယအကြိမ်) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးမြတ်တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့်ပူးပေါင်း၍ ကျောင်းများအလိုက် ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်(ပြန်/ဆက်)

## ရေကြည်မြို့နယ်၌ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

ရေကြည် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို ယနေ့နံနက် ၆ နာရီက မြို့နယ်စည်ပင်သာယာရုံးရှေ့၌ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါဈေးရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ လာရောက်ကြည့်ရှုကာ ဈေးရောင်း ဈေးဝယ်နေမှုအား သွားရောက်အားပေးကူညီခဲ့ကြပြီး ဆင်းသုခဆန်တစ်ပြည်လျှင် ငွေကျပ် ၂၈၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၃၀၀၊ ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၂၆၀၀၊ ဝက်သား ၂၅ ကျပ်သားလျှင် ငွေကျပ် ၃၂၅၀ နှုန်းဖြင့်အထူးဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ရေတာရှည်မြို့နယ်၌ ဆန်၊ ကြက်ဥ၊ သား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေး

ရေတာရှည် ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများအား ချိုသာသောဈေးနှုန်းဖြင့် ဆန်၊ ကြက်ဥ၊ သား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များအား ရေတာရှည်မြို့ စည်ပင်သာယာဈေး၌ ရောင်းချပေးခဲ့သည်။

အဆိုပါ အခြေခံစားသောက်ကုန်စည်များရောင်းချရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကိုယ်တိုင်စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများက ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် ဆန်၊ ကြက်ဥ၊ သား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များအား မူလပေါက်ဈေးထက် ဈေးနှုန်းလျှော့ချ၍ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ


ရန်ကုန် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးသူ တင်လင်းဇော်၏ "အညတရကျွန်တော်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မဖွံ့ဖြိုးသေးသော ရွာသိမ်ရွာငယ်လေးမှ လူငယ်လေးတစ်ဦး၏ ပညာရေးအတွက် အပတ်တကုတ် ကြိုးစားရုန်းကန် အားထုတ်ခဲ့ရသောဘဝကို စာဖတ်သူရင်ထဲ ကွင်းကွင်းကွက်ကွက်ပုံပေါ်အောင် ရေးသားထားသည်။ အမြင်မကျယ်သော သမားရိုးကျ ရွာဘုန်းကြီးကျောင်း၌ စာသင်ကြားခဲ့ရသော ဘုန်းကြီးကျောင်းသားဘဝ၊ အခက်အခဲများနှင့် အတန်းကျောင်းသားဘဝ၊ ရွာငယ်လေးမှတစ်ဆင့် သစ်ရာကောက်ရွာကြီးသို့ ပြောင်းရွှေ့ကာ ကိုယ့်ထမင်းကိုယ် ချက်စားရင်း ဖြစ်သလိုနေထိုင်ခဲ့ရသည့် အလယ်တန်းကျောင်းသားဘဝ၊ တောင်တွင်းကြီးကျောင်းတွင် အထက်တန်းပညာသင်ကြားရန် ကပ်ရပ်နေထိုင်ခဲ့သော ဘဝတို့ကို ရသမြောက်အောင် ရေးသားထားသည်။ ဤခေတ်လူငယ်များအနေနှင့် ထိုခေတ်က ပညာဆည်းပူးလိုစိတ်အရင်းခံနှင့် စိတ်အားထက်သန်စွာ ကြိုးစားခဲ့ပုံကို အသိပညာတိုးပွား ကိုယ်ချင်းစာတရား ထွန်းကားကာ နားလည်စာနာစိတ်ပေါ်ထွန်း၍ လူငယ်များ အကျိုးထွန်းစေသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၂၃

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၂၉၃ သိန်း | ၄၀၇၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂၂၇၁. ၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း၊ | ၁၆၄၂. ၁၅ | ၂ | - | ၂ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၇ ခန်း | ၁၈၃ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၈ ခန်း | ၃၅၇ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | ၅၁ ကျင်း | ၇၅၂၅. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | ၁၉ ကျင်း | ၈၄၅၄ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၈၉၉၁ သိန်း | ၁၃၇၄၀. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | ၃ ခု | ၁၂၄ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနရှိ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၏ စီမံကိန်းလုပ်ငန်းများနှင့် အုပ်ချုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (ပရီမီယမ်) (၃၅,၈၂၀)ဂါလန်အား တင်ဒါအမှတ်-24(T)/DPTSC (PTP)/2023-2024 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၆-၇-၂၀၂၃)ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (**www.moep.gov.mm**) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## တနင်္သာရီတိုင်းဒေသကြီး
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ( Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၂/၂၀၂၃)
## (ဒုတိယအကြိမ် တင်ဒါကြော်ငြာခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေး ကုမ္ပဏီများအား ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁၄ -၆ -၂၀၂၃ ရက် |
| တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်/ အချိန် | - | ၂၈ - ၆ - ၂၀၂၃ရက် ညနေ ( ၁၃:၀၀ )နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | ၃ - ၇ - ၂၀၂၃ ရက် နံနက် ( ၉:၀၀ )နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ညွှန်ကြားရေးမှူးရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဇလပ်ဖြူလမ်း၊ ဥသျှစ်ရပ်၊ ထားဝယ်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ လုပ်ငန်းအသေးစိတ်စာရင်းများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့်အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည် -

**တနင်္သာရီတိုင်းဒေသကြီးကျေးလက်လမ်း**
**ဖွံ့ဖြိုးရေးဦးစီးဌာန**
**ထားဝယ်မြို့**
**ဖုန်း-၀၉-၂၅၄၈၂၁၈၈၆**
**၀၉-၄၅၆၆၅၈၀၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-နှင်းဥယျာဉ်အိမ်ရာ၊ နှင်းစံပယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂+၅၃)၊ မြေကွက်အမှတ်(၁၀)၊ ကုမ္ပဏီမြေကွက်အမှတ်(၅စီ-၁၀)၊ ဧရိယာ(၀.၀၃၇ဧက)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်အား ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြေအမည်ပေါက်ဖြစ်သူ မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်(၁၂၈၆၁၅၈၂၂) ထံမှ ဆက်စပ်စာချုပ်မူရင်းများဖြင့်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးအောင်အောင် [၁၂/သဃက(နိုင်)၁၅၃၄၅၄]နှင့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-နှင်းဥယျာဉ်အိမ်ရာ၊ နှင်းစံပယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂+၅၃)၊ မြေကွက်အမှတ် (၁၀/အေ)၊ ကုမ္ပဏီမြေကွက်အမှတ်(၅စီ-၁၀/အေ)၊ ဧရိယာ(၀.၀၃၀ဧက)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်အား ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြေအမည်ပေါက် ဖြစ်သူ မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်(၁၂၈၆၁၅၈၂၂) ထံမှ ဆက်စပ်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်အေးအေးအောင် [၁၂/ သဃက(နိုင်)၀၃၃၉၃၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကယုံကြည်၍ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ဤမြေကွက်အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ပြည့်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၄၈)**
**အမှတ်(၈၄/ပ-ထပ်)၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၂၇၄၉၂၁၆**

## ပျောက်ဆုံးကြောင်း

ဦးနန္ဒဝံသ [၁၂/စခန(သ)၀၀၁၀၇၈]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိသည်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၉၈၈၄၄၃၁**

## အမည်မှန်

သထုံမြို့နယ်၊ အထက (ရှမ်းရွာ)ကျောင်း၊ Grade 10 မှ မရွှေဇင်ထွန်း၏ အမည်မှန်မှာ မဆွေဇင်ထွန်းဖြစ်ပါကြောင်း။

**မဆွေဇင်ထွန်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စစ်တန်း အ.ထ.က Grade-12 မှ မောင်ကျော်ထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင်ဖြစ်ပါသည်။

**ဦးမောင်လွင်**
**[၁၂/ကတန(နိုင်)၀၀၁၀၄၃]**

## ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စစ်တန်း အ.ထ.က Grade-12 မှ ဦးလေးနိုင်၏သား မောင်ထက် အောင်ခန့်အား မောင်ထက်အောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆)ဧက၊ မြေကွက်အမှတ် (ဥ-၆၄၄၈)၊ ဒေါ်ယုယုလွင်(ဘ)ဦးမောင်ကြာအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဆွေစင်ထွန်း[၁၂/ဗဟန(နိုင်)၀၁၀၆၁၀](ဘ)ဦးထွန်းထွန်းမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၅၅၆/၂၀၂၂(၁၉-၉-၂၀၂၂)တင်ပြ၍ ဦးကိုကိုနိုင်[၁/မကန(နိုင်)၀၃၇၆၁၂](ဘ)ဦးအောင်ထူးအမည်ဖြင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ / မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဥတု ရာသီ တောကို မှီ၍

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂-ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၆

| | | |
|---|---|---|
| ရောဝတီဘဏ်လီမိတက် [၎င်းကိုယ်စားရောဝတီဘဏ် လီမိတက် ရန်ကုန်ဘဏ်ခွဲ (၄)တာဝန်ခံ ဒေါ်အေးမင်းသန့်] | **နှင့်** | ၁။ ဦးစိုင်းကျော်လွင်မိုး<br>၂။ ဒေါ်တင်မိုးအေးဦး<br>၃။ ဦးတင်မောင်အေး<br>၄။ ဒေါ်ဇင်သက်မာ<br>၅။ ဦးရဲထွဋ် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် (၁၃/၂၀၁၉) အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့ နံနက် (၁၀း၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူ အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် (၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**ပစ္စည်းစာရင်း**

